# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁) ရက် ၊ ကြာသပတေးနေ့ ၊ (28-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး Lieutenant General Jakkapong Janpengpen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးနှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၅ သို့**



ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး

ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုတွင် ဦးဆောင်နေရာက ရပ်တည်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် အခြေခံအားဖြင့် လူသားအရင်းအမြစ်များ၊ အရင်းအနှီး၊ ကုန်ကြမ်းနှင့် နည်းပညာများလိုအပ်သည်။ ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝသယံဇာတအရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသောလုပ်ငန်းတစ်ခုဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကို စနစ်တကျမွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်သင်ကြားပေးရန်လိုအပ်မည်ဖြစ်သည်။ ယနေ့ခေတ် စီးပွားရေးကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် ဂရုတစိုက်နှင့်ဝန်ဆောင်မှုကောင်းသော ခရီးစဉ်ကိုသာ ဦးစားပေးရွေးချယ်လေ့ရှိသည့်အတွက် အရည်အချင်းရှိပြီး ကျွမ်းကျင်သည့် ဝန်ထမ်းများရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်း၌ ကောင်းမွန်သည့်ရလဒ်ကိုရရှိနိုင်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံစီးပွားရေးဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူတန်းစားအသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စီးဝင်စေခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သော မီးခိုးမထွက်သည့် စက်ရုံတစ်ရုံဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် သဘာဝတရားကြီးကပေးထားသော အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်မြေအောက် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသည်။ အဆိုပါသဘာဝအရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ်များကိုအခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများအဖြစ်ဖော်ထုတ်ပြီး ဖိတ်ခေါ်သည့်ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ရာ၌ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး စွမ်းအင်ချွေတာရေးနည်းလမ်းများနှင့်ဆောင်ရွက်သည့် အစိမ်းရောင်အဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန်လိုအပ်ပေသည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် လိုအပ်သောအစီအမံများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# နတ်တော်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ နတ်တော်လပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော နတ်တော်လပြည့်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

“ဒီနေ့ဟာ နတ်တော်လပြည့် ဥပုသ်နေ့ဖြစ်တာကြောင့် ဘုရားဖူးပြည်သူတွေနဲ့ တရားထိုင်သူတွေ စည်ကားနေပါတယ်။ ဘုရားဖူးပြည်သူတွေဟာ သမိုင်းပန်းချီပြတိုက်၊ ကြေးစည်တော်ကြီးပြတိုက်၊ ကြေးရုပ်ပြတိုက်နဲ့ ကြေးမောင်းကြီးနေရာတွေကို သွားရောက်လေ့လာသူတွေနဲ့လဲ စည်ကားနေပါတယ်။ ဖူးမြော်သူတွေဟာ ကား၊ ဆိုင်ကယ်တွေနဲ့ လာရောက်ဖူးမြော်ကြကာ ကားပါကင်၊ ဆိုင်ကယ်ပါကင်တွေလဲ နေရာပြည့်ပြီး စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေကို သွားရောက်ပြီး ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်။ ဈေးရောင်းတဲ့ ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့စည်ကားနေပါတယ်” ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့နတ်တော်လပြည့်နေ့တွင် ဘုရားဖူးပြည်သူ ၁၁၈၆၇၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ နတ်တော်လပြည့်နေ့တွင် မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေဠုဝန်ရောစနကျောက်စိမ်းစေတီတော်၊ တောင်သမန်တံတားနှင့် အင်းတို့၌ ဘုရားဖူးသူများ၊ အလည်အပတ်လာရောက်သူများဖြင့် နံနက် အစောပိုင်းမှစတင်၍ စည်ကားများပြားနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မင်းကွန်းဒေသအနီး ဧရာဝတီမြစ်ရေလမ်းကြောင်း ကျပ်တည်းမှုဖြစ်ပေါ်နေသဖြင့် သင်္ဘောများ သတိပြုသွားလာကြရန်လို

**မန္တလေး ဒီဇင်ဘာ ၂၇**

မင်းကွန်းဒေသအနီး ဧရာဝတီမြစ်ရေလမ်းကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေသဖြင့် သင်္ဘောများ သတိပြုသွားလာရန် လိုကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် မြစ်အတွင်း ရေကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မင်းကွန်းဒေသအနီး ဧရာဝတီမြစ်အတွင်း ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ ရေလမ်းကြောင်းပြောင်းလဲမှုစတင်ဖြစ်ပေါ်ကာ ရေကြောင်းကျပ်တည်းမှုအနည်းငယ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

“အခုတစ်လော မင်းကွန်းဒေသအနီးတစ်ဝိုက်မှာ ရေလမ်းကြောင်းကျပ်တည်းမှု ဖြစ်ပေါ်နေပါတယ်။ မန္တလေးဆိပ်ကမ်းကနေ မင်းကွန်းရေလမ်းကြောင်းတစ်လျှောက် သွားလာကြမဲ့ခရီးသည်တင်သင်္ဘောတွေနဲ့ ကုန်တင်သင်္ဘောတွေ သောင်တင်မှုမဖြစ်ပေါ်စေဖို့ အထူးသတိပြုသွားလာကြဖို့လိုပါတယ်”ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် မင်းကွန်းအနီးတစ်ဝိုက်တွင် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ မင်းကွန်းဒေသအနီး ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ခရီးသည်တင်သင်္ဘောနှင့်ကုန်တင်သင်္ဘောများအနေဖြင့် ရေပေါ်ပြနှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာရန်လိုကြောင်း သိရသည်။

အလားတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီးမှ ရေနည်းချိန်ကာလအတွက် နိုဝင်ဘာလအတွင်းက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်များမှာ ဧရာဝတီမြစ်ရေလမ်းကြောင်း ဟသ်ာတမှပြည်မြို့ထိ ငါးပေခြောက်လက်မဖြစ်ပြီး ပြည်မှ မန္တလေးထိ ငါးပေဖြစ်ကြောင်း၊ မန္တလေးမှကသာထိ လေးပေဖြစ်၍ ကသာမှဗန်းမော်ထိ သုံးပေကိုးလက်မနှင့် ဆင်ဘိုမှမြစ်ကြီးနားထိ နှစ်ပေခြောက်လက်မသတ်မှတ်ထားကြောင်း သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှထွက်ရှိသည့် ပြောင်းဖူးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိသည့် ပြောင်းဖူးများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပြောင်းဖူးများသည် ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ပြောင်းဖူးဈေးနှုန်းများမှာ လက်ရှိတွင် ပိဿာချိန် ၃၀ ဆံ့ အဖူးရေ ၁၁၀ ပါတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

“လက်ရှိမှာ ဈေးကိုဝင်ရောက်လာတဲ့ ပြောင်းဖူးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ပြောင်းဖူးက တောင်ပေါ်ဒေသတွေကပဲ ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသတွေက ပြောင်းဖူးတွေ ဝင်ရောက်မှုမရှိသေးပါဘူး။ ပြောင်းဖူးကို အိတ်ပြတ်ဝယ်ယူကြတာ များပါတယ်။ ပြောင်းဖူးတွေကို လားရှိုးနဲ့ ရန်ကုန်မြို့တို့ကို တင်ပို့ရပါတယ်။ ခုနောက်ပိုင်းမှာ ပြောင်းဖူးစိုက်တဲ့သူတွေလဲ နည်းသွားတာကို တွေ့ရပါတယ်။ ဈေးကို ပြောင်းဖူးအခြောက်တွေ ဝင်ရောက်တာတွေလဲရှိပါတယ်။ အခုချိန်မှာတော့ တောင်ပေါ်ကထွက်ရှိတဲ့ ပြောင်းဖူးတွေ နေ့စဉ် ဝင်ရောက်နေပြီး အရောင်းအဝယ် ကောင်းနေပါတယ်”ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါပြောင်းဖူးများ မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းနေကြောင်း၊ သီရိမာလာကုန်စိမ်းဈေးကို ပုံမှန်အတိုင်းဖွင့်လှစ်ပြီး ရောင်းချပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၃၇ မင်းနတ်သံ ဘယ်သူရေးသလဲ (၁)

**ဗိုလ်ရှိတ်(ရတနာပူရ)**

မြန်မာ့ရိုးရာယုံကြည်မှုနယ်ပယ်တွင် ၃၇ မင်းနတ်သည် အလွန်ပင်ထင်ရှားလှသည်။ ရှေးဂီတပညာရှင်၊ စာပေပညာရှင်တို့သည် ၃၇ မင်းနတ်သမိုင်း၊ ၃၇ မင်းနတ်သံတို့ကိုလည်းရေးသားခဲ့ကြသည်။ ထို့ပြင် ၃၇ မင်းနတ်ရုပ်တုထုလုပ်ပုံ၊ ၃၇ မင်းနတ်ပူဇော်ပသနည်းတို့ကိုပါ ရေးသားပြုစုခဲ့ကြသည်။ ဘိုးတော်ဗဒုံမင်း၏သားတော် ရခိုင်နိုင်ရွှေတောင်မင်းသည် ၃၇ မင်းနတ်ပူဇော်ပသနည်း၊ ပွဲကန္နားကျင်းပနည်း၊ တီးမှုတ်ကခုန်နည်း၊ နတ်ထိန်းနတ်နေတို့ ဝတ်စားဆင်ယင်နည်းစသည့် အမှတ်အသားတို့ကို မှတ်သားထားရမည်ဖြစ်ကြောင်း ၁၁၆၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက် (၁၅ ရက်လည်း တွေ့ရသည်)နေ့တွင် အမိန့်ထုတ်ခဲ့သည်။ နန်းတော်သုံးထိပင် ၃၇ မင်းနတ်ကို စိတ်ဝင်စားကြပေသည်။

ထိုကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ထင်ရှားလှသော ၃၇ မင်းနတ်စာရင်းကိုဖော်ပြပါမည်။ ၃၇ မင်းနတ်စာရင်းမှာလည်း မူအမျိုးမျိုးကွဲနေသည်။ ဤတွင် မဟာဂီတကျမ်းများတွင် ပထမဆုံးပုံနှိပ်ခဲ့သော မဟာဂီတကျမ်းဖြစ်သည့် မဟာဂီတမေဒနီကျမ်းမှ ၃၇ မင်းနတ်စာရင်းကို ဖော်ပြပါမည်။ မဟာဂီတမေဒနီကျမ်း၌တွေ့ရသော ၃၇ မင်းနတ်စာရင်းမှာအောက်ပါအတိုင်းဖြစ်သည်။

၁။ သိကြားနတ်
၂။ မဟာဂီရိနတ်
၃။ နှမတော်တောင်ကြီးနတ်၊ ရွှေမျက်နှာနတ်
၄။ ရွှေနဘေနတ်
၅။ သုံးပန်လှနတ်
၆။ တောင်ငူမင်းခေါင်နတ်
၇။ မင်းတရားနတ်
၈။ သံတော်စံနတ်
၉။ ရွှေနော်ရထာနတ်
၁၀။ အောင်စွာရကြီးနတ်
၁၁။ ငါးစီးရှင်နတ်
၁၂။ အောင်ပင်လယ်ဆင်ဖြူရှင်
၁၃။ တောင်မကြီးနတ်
၁၄။ မောင်မင်းရှင်ဖြူနတ်
၁၅။ ရှင်တော်နတ်
၁၆။ ညောင်ချင်းနတ်
၁၇။ တပင်ရွှေထီးနတ်
၁၈။ မင်းရဲကျော်ထင်နတ်
၁၉။ ရွှေစစ်ပင်နတ်
၂၀။ မယ်တော်ရွှေစကားနတ်
၂၁။ မောင်ပိုး
၂၂။ ထွန်းဘုရင်နတ်
၂၃။ မောင်မင်းပြူနတ်
၂၄။ မန္တလေးဘိုးတော်နတ်၊ ကြက်ရုပ်နတ်
၂၅။ ရွှေဖျည်းညီနောင်တော်နတ်
၂၆။ ရွှေဖျည်းညီတော်နတ်
၂၇။ မင်းသားမောင်ရှင်နတ်
၂၈။ ထီးဖြူဆောင်းနတ်
၂၉။ ထီးဖြူဆောင်းမယ်တော်
၃၀။ ပရိပ္ပရှင့်မင်းခေါင်နတ်
၃၁။ မင်းစေသူနတ်
၃၂။ မင်းကျော်စွာနတ်
၃၃။ မြောက်ဘက်ရှင်မနတ်
၃၄။ အနောက်မိဖုရားနတ်
၃၅။ ရှင်ကုန်းနတ်
၃၆။ ရှင်ကွနတ်
၃၇။ ရှင်နဲမိနတ်

နတ်သံများသည် အတီးအမှုတ်အကအခုန်များဖြင့် သီဆိုရသော ဂီတသက်ဝင်သီချင်းများဖြစ်သည်။ ထို့ကြောင့် နတ်သံသီချင်းများကို မဟာဂီတကျမ်းများတွင် ထည့်သွင်းဖော်ပြကြခြင်းဖြစ်သည်။

**ဝန်ကြီးပဒေသရာဇာ၏ ၃၇ မင်းနတ်သံ**

၃၇ မင်းနတ်သံများတွင် ဝန်ကြီးပဒေသရာဇာရေးခဲ့သော နတ်သံများကို အစောဆုံးတွေ့ရသည်။ ဝန်ကြီးပဒေသရာဇာရေးခဲ့သော ၃၇ မင်းနတ်သံကို "ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီးပဒေသရာဇာဆို ရာဇဝင်နတ်သံ ၃၇ မင်း"ဟူသော အမည်ဖြင့် ပေးမှုတွေ့ရသည်။ နတ်တစ်ပါး၊ နှစ်ပါးအကြောင်းကို ရေးထားသည့် နတ်သံများမှာ အတွေ့ရများသော်လည်း ယခုကဲ့သို့ ၃၇ မင်းလုံး ရေးထားသည့်နတ်သံမှာ ရှားပါးလှသည်။ ၃၇ မင်းနတ်သံနိဂုံးတွင် "ဟံသာဝတီရောက်မင်းလက်ထက်ဝန်ကြီးပဒေသရာဇာဆို ရာဇဝင်နတ်သံ ၃၇ မင်း၊ ဤတွင်ပြီး၏"ဟူ၍ တွေ့ရသည်။ ဝန်ကြီးပဒေသရာဇာ၏ ၃၇ မင်းနတ်သံသည် အောင်စွာမကြီး နတ်သံမှအစပြု၍ ရေးဖွဲ့ထားသည်။ နောက်ဆုံးအပိုဒ်မှာ အလောင်းစည်သူနတ်သံဖြစ်သည်။ ၃၇ မင်းနတ်သံဟုဆိုထားသော်လည်း ပိုဒ်ရေမှာ ၃၇ ပိုဒ်မဟုတ်ဘဲ ၃၅ ပိုဒ်သာ တွေ့ရသည်။ ထိုသို့ ၃၅ ပိုဒ်တည်းဖြစ်နေရခြင်းမှာ တောင်ပြုန်းမင်းညီနောင်နတ်သံနှင့် ရန္တပစ္စည်း၊ နန္ဒပစ္စည်းနတ်သံတို့မှာ စုံတွဲများဖြစ်၍ တစ်စုံကို တစ်ပိုဒ်နှုန်းဖြင့် ပူးတွဲရေးဖွဲ့ထားသောကြောင့်ဖြစ်သည်။

> ❖ ၃၇ မင်းနတ်သံများတွင် ဝန်ကြီးပဒေသရာဇာရေးခဲ့သော နတ်သံများကို အစောဆုံးတွေ့ရသည်။ ဝန်ကြီးပဒေသရာဇာရေးခဲ့သော ၃၇ မင်းနတ်သံကို "ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီးပဒေသရာဇာဆို ရာဇဝင်နတ်သံ ၃၇ မင်း"ဟူသောအမည်ဖြင့် ပေးမှုတွေ့ရသည်။ နတ်တစ်ပါး၊ နှစ်ပါးအကြောင်းကို ရေးထားသည့်နတ်သံများမှာ အတွေ့ရများသော်လည်း ယခုကဲ့သို့ ၃၇ မင်းလုံးရေးထားသည့်နတ်သံမှာ ရှားပါးလှသည်။ ၃၇ မင်းနတ်သံနိဂုံးတွင် "ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီးပဒေသရာဇာဆို ရာဇဝင်နတ်သံ ၃၇ မင်း၊ ဤတွင်ပြီး၏"ဟူ၍ တွေ့ရသည်။ ❖

ဤနေရာတွင် ဝန်ကြီးပဒေသရာဇာ၏ ရာဇဝင်နတ်သံများနှင့်စပ်လျဉ်း၍ ပြောလိုသည်မှာ ထိုနတ်သံ ၃၅ ပိုဒ်သည် မြန်မာတို့အစဉ်အလာအရ လက်ခံထားသော ၃၇ မင်းများအကြောင်းမဟုတ်ဘဲ ကွဲလွဲနေခြင်းဖြစ်ပင်ဖြစ်သည်။ ဝန်ကြီးပဒေသရာဇာ၏ ၃၇ မင်းနတ်သံများတွင်ပါဝင်သော နတ်တို့မှာ ရာဇဝင်များတွင်ထင်ရှားသည့် ငါးစီးရှင်၊ ငါးဆူဒါယိကာ၊ တပင်ရွှေထီး၊ ဘုရင်မင်းခေါင်၊ မြင်စိုင်းရွှေနန်းရှင်၊ ဆင်ဖြူရှင်၊ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ ကျော်ထင်၊ သတိုးမင်းစော၊ ရမည်းသင်းသီလဝ၊ သီဟပတေ့၊ မင်းရဲဒိဗ္ဗ၊ ရှင်တရုတ်၊ မင်းလှငယ်၊ မင်းကြီးရန်နောင်၊ မင်းရဲဇယသူ၊ ဘိုးရာဇာ၊ ရန္တပစ္စည်း၊ နန္ဒပစ္စည်း၊ မဟာသတိုးသီဟသူ၊ ရွှေဖျဉ်းညီနောင်၊ သတိုးမင်းကြီး၊ ရွှေနော်ရထာ၊ အလောင်းစည်သူ စသည့်ပုဂ္ဂိုလ်များပါဝင်နေသည်။ ၃၇ မင်းအရေအတွက်ချင်းတူသော်လည်း မြန်မာ့ရိုးရာ ၃၇ မင်းနတ်များနှင့် မတူသည်ကို တွေ့ရသည်။

**ရိုးရာ ၃၇ မင်းနတ်သံ**

ဝန်ကြီးပဒေသရာဇာ၏ ၃၇ မင်းနတ်သံနှင့်မတူသော ရိုးရာ ၃၇ မင်းနတ်သံစာရင်းကို မဟာဂီတကျမ်းတချို့တွင် တွေ့ရသည်။ မဟာဂီတကျမ်းများတွင် ဂီတမေဒနီကျမ်းသည် အစောဆုံးပုံနှိပ်ခဲ့သောကျမ်းဖြစ်သည်။ ၁၈၈၁ ခုနှစ်က ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။ မဟာဂီတမေဒနီကျမ်းကို စုဆောင်းပြုစုသူမှာ ပြည်မြို့မှ ရွှေနေဦးရောက်ဖြစ်သည်။ ဂီတမေဒနီကျမ်းတွင် ရေးမှတ်တမ်းဖြစ်သော ၃၇ မင်းနတ်သံကို ရေးမူအတိုင်း အစအဆုံးထည့်သွင်းထားသည်ကို တွေ့ရသည်။ ခေါင်းစဉ်ကို "၃၇ မင်းနတ်ညွှန်းသံ"ဟူ၍ ပေးထားသည်။ ထိုမူသည် ဘိုးတော်ဗဒုံမင်းလက်ထက် ကောက်ယူခဲ့သော နတ်စာရင်းကို အခြေခံကာ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ပြုစုခဲ့သော စာရင်းဖြစ်သည်။ ၃၇ မင်းနတ်ညွှန်းသံကို ရေးမူအတိုင်း အပြည့်အစုံထည့်သွင်းထားခြင်းမှာ ချီးကျူးဖွယ်ရာဖြစ်သည်။

ဂီတမေဒနီကျမ်း၌တွေ့ရသော ၃၇ မင်းနတ်ညွှန်းသံနိဒါန်းအစမှာ-

"ဇေယျတုသဗ္ဗမင်္ဂလံ၊ သက္ကရာဇ် ၁၁၆၇ ခု၊ တံဆောင်မုန်းလဆန်း ၁၅ ရက်နေ့ ရှေးအစဉ်အဆက်က ပသခဲ့သည့် ၃၇ မင်းနတ်တို့ ပွဲကန္နားသဘင်အကျင်းအပ၊ ကခုန်သည့်အချက်အလက်၊ နတ်ထိန်း၊ နတ်နေတို့ မည်သည့်အဝတ်ကို ဝတ်ဆင်ဆွဲဆောင်ရသည်၊ အမှတ်အသားများကို နတ်ထိန်း၊ နတ်နေ၊ အတီးသမားတို့ကို မေးစစ်၍ မှတ်သားထားရမည်။ ဘုန်းတော်ကြီးလှသော အိမ်ရှေ့မင်းအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသည့်အတိုင်း အိမ်ရှေ့တော်ကြီး တောင်လေသာဆောင်တွင် ဆိုင်းအတီး ဆရာငမြတ်သာ၊ ငတရုပ်တို့နှင့်အတီးတတ်သူတို့ကိုမေးစစ်၍ တီးမှုတ်ပြသစေပြီးလျှင် မှတ်သားထားသည်။ ဆင်ရည်တီးမှုတ်နည်းများနှင့်ပေါင်း၍ သက္ကရာဇ် ၁၁၈၂ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့တွင် နတ်ထိန်းကြီး ကဝိဒေဝကျော်၊ ရာဇဝင်ငနု၊ ရာဇဝင်တတ်သူတို့နှင့် တိုက်ဆိုင်၍ ၃၇ မင်းနတ်အစည် အမျိုးအမည်ဆင်ရည်ပသနည်း၊ တီးမှုတ်နည်း၊ နတ်သံများကို သီရိမဟာဇေယကသည်၊ မင်းကြီးမဟာသီဟသူရဘွဲ့ရသော ရွှေနန်းတော်ကြီးအတွင်း ပန်းမြဝတီမြို့စားမှတ်သားထားသည့်စာတန်း"ဟူ၍ ပါရှိသည်။ (မူရင်းသတ်ပုံအတိုင်း)

အထက်ပါနိဒါန်းစကားတွင်ပါရှိသော "ဆင်ရည်" ဟူသောစကားသည် ဆင်ယင်ကိုဆိုခြင်းဖြစ်သည်။ "ရွှေနန်းတော်ကြီးအတွင်း ပန်းမြဝတီမြို့စား"ဟူသောစာမှာလည်း ရှေးပေကို အကူးကွဲလွဲခြင်းဖြစ်ဟန်ရှိသည်။ အမှန်က "ရွှေနန်းတော်ကြီးအတွင်းဝန် မြဝတီမြို့စား" သာဖြစ်သင့်သည်။ ဤနိဒါန်းအရ သိရသည်မှာ ဘိုးတော်ဗဒုံမင်း၏သားတော် ရခိုင်နိုင်အိမ်ရှေ့မင်းသည် ဂီတဝါသနာထုံသည်။ ထိုဝါသနာအရ ၃၇ မင်းနတ်တို့အကြောင်း၊ ပွဲကနားသဘင်ကျင်းပပုံအကြောင်း၊ ကခုန်တီးမှုတ်သည့် အချက်အလက်များအကြောင်း၊ နတ်ထိန်း၊ နတ်နေတို့ ဝတ်စားဆင်ယင်ပုံအကြောင်းများကို သိချင်ကြောင်း အမိန့်တော်ထုတ်သည်။ ထိုအမိန့်တော်အတိုင်း ဆိုင်းအတီးဆရာငမြတ်သာ၊ ငရုပ်တို့နှင့် အတီးတတ်သူတို့ကို မေးစစ်သည်။ အိမ်ရှေ့တော်ကြီး တောင်ဘက်လေသာဆောင်တွင် တီးမှုတ်ကခုန်စေပြီး မေးစစ်မှတ်တမ်းတင်ရသည်။ ထိုသို့ စစ်ဆေးမှတ်တမ်းတင်ရန် အမိန့်ထုတ်သည့်နေ့မှာ ၁၁၆၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့ဖြစ်သည်။

ထို့နောက် အိမ်ရှေ့မင်းကြီးသားတော် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် ဖခင်ဖြစ်သည့် ရွှေတောင်မင်းလက်ထက်က မှတ်တမ်းကို အခြေခံပြီး ၃၇ မင်းနတ်တို့အကြောင်းကို ရေးသားမှတ်သားခိုင်းပြန်သည်။ ဘကြီးတော်စစ်ကိုင်းမင်း စေခိုင်းသည့်နေ့မှာ ၁၁၈၂ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်နေ့ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်း အမိန့်အတိုင်း နတ်ထိန်းကြီး ကဝိဒေဝကျော်၊ ရာဇဝင်ငနု၊ ရာဇဝင်တတ်သူတို့နှင့် တိုက်ဆိုင်စစ်ဆေး၍ မှတ်တမ်းတင်ရသည်။ ထိုသို့မှတ်တမ်းတင်ရသူမှာ သီရိမဟာဇေယကသည် မင်းကြီးမဟာသီဟသူရဘွဲ့ရသော ရွှေနန်းတော်ကြီးအတွင်းဝန် မြဝတီမြို့စားဖြစ်သည်။ ဤမှာ ၃၇ မင်းနတ်ညွှန်းသံအရ သိရသော မှတ်သားစရာများဖြစ်သည်။ ၃၇ မင်းနတ်ညွှန်းသံကို မှတ်တမ်းတင်ရသူ ရွှေနန်းတော်ကြီးအတွင်းဝန် မြဝတီမြို့စား၏ဘွဲ့အမည်ကို သေချာမှတ်သားစေလိုသည်။ အဆိုပါဘွဲ့အမည်ကြောင့် ဤ ၃၇ မင်းနတ်သံရေးသူမှာ ဝိဝါဒကွဲစရာများဖြစ်လာခြင်းဖြစ်သည်။

**မဟာဂီတအသစ်ကျမ်း**

၃၇ မင်းနတ်ညွှန်းသံကို အစအဆုံးထပ်မံဖော်ပြသောကျမ်းမှာ မဟာဂီတအသစ်ကျမ်းဖြစ်သည်။ မဟာဂီတအသစ်ကျမ်းသည် အလွန်ရှားသောကျမ်းဖြစ်သည်။ ပထမအကြိမ်မူကို တွေ့ရန်မလွယ်တော့ပေ။ ဒုတိယအကြိမ်မူပင် တော်တော်ရှားနေသည်။ မဟာဂီတအသစ်ကျမ်းပထမအကြိမ်ကို မည်သည့်ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေခဲ့သည်ကို မသိရပေ။ ပထမအကြိမ်ပုံနှိပ်ခဲ့သော စာအုပ်တိုက်မှာ မန္တလေးမြို့ ၈၄ လမ်း ကျောက်သွေးတန်း ဇမ္ဗူမျက်မှန်စာပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ခြင်းဖြစ်သည်။ အဖုံးမှာ စက္ကူဖုံးဖြစ်ပြီး တန်ဖိုးနှစ်ကျပ်ဖြင့် ရောင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ်ကို ရန်ကုန်မြို့ သူရိယသတင်းစာတိုက်လီမိတက်က ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၂၃ ခုနှစ်တွင် ပုံနှိပ်ခဲ့ပြီး တန်ဖိုးသုံးကျပ်ဖြင့် ရောင်းခဲ့ခြင်းဖြစ်သည်။

မဟာဂီတအသစ်ကျမ်းတွင် တွေ့ရသော ၃၇ မင်းနတ်သံများအကြောင်းသည် မဟာဂီတမေဒနီကျမ်းပါ အမှတ်အသားနှင့် အနည်းငယ်ကွဲပြားသဖြင့် နိဒါန်းကို မဟာဂီတအသစ်ကျမ်းအတိုင်း ကောက်နုတ်ဖော်ပြဦးမည်။

"သက္ကရာဇ် ၁၁၆၇ ခု၊ တန်ဆောင်မုန်းလွှန်း ၅ ရက်နေ့တွင် ရှေးအစဉ်အဆက်က ပသခဲ့သည့် ၃၇ နတ်တို့ကို ပွဲကန္နားသဘင်ကျင်းပ ကခုန်တီးမှုတ်ရာပတ်၊ နဲ့၊ လင်းကွင်း မည်သို့ကခုန်သည့်အချက်အလက်၊ နတ်ထိန်းနတ်နေတို့ မည်သည့်အဝတ်ကိုစွဲဆောင်သည့် အမှတ်အသားများကို နတ်ထိန်း၊ နတ်နေ၊ အတီးသမားတို့ကို မေးစစ်၍ မှတ်သားထားရမည်။ ဘုန်းတော်ကြီးလှသော အိမ်ရှေ့ဘုရားအမိန့်တော်ကို ဦးထိပ်ရွက်ဆင်ရသည်အတိုင်း အိမ်ရှေ့တော်ကြီး တောင်လေသာဆောင်တွင် ဆိုင်းအတီးဆရာ ငမြတ်သာ၊ ငတရုပ်တို့နှင့် အတီးတတ်သူတို့ကို မေးစစ်၍ တီးမှုတ်ပြသစေပြီးလျှင် မှတ်သားထားသည့် ဆင်ယင်နည်း၊ တီးမှုတ်နည်းများနှင့်ပေါင်း၍ သက္ကရာဇ် ၁၁၈၂ ခု၊ သီတင်းကျွတ်လွှန်း ၄ ရက်နေ့တွင် နတ်ထိန်းကြီးကဝိဒေဝကျော်၊ ရာဇဝင်ငနု၊ ရာဇဝင်တတ်တို့နှင့်တိုက်ဆိုင်၍ ၃၇ နတ်စဉ်၊ အမျိုးအမည်၊ ဆင်ယင်ပသနည်း၊ တီးမှုတ်နည်း နတ်သံများကို မဟာဇေယသူရကသည်၊ မင်းကြီးမဟာသူရဘွဲ့မည်ရသော ရွှေနန်းတော်ကြီးအတွင်းဝန် မြဝတီမြို့စားမှတ်သားစုထားသည့် စာရင်းမှတ်တမ်း"

မဟာဂီတမေဒနီကျမ်းနှင့်ကွဲလွဲချက်မှာ မဟာဂီတမေဒနီကျမ်းတွင် တန်ဆောင်မုန်းလဆန်း ၁၅ ရက်ဟုပါပြီး မဟာဂီတအသစ်တွင် ၅ ရက်ဟု ပါသည်။ ဘွဲ့အမည်မှာလည်း မဟာဂီတမေဒနီကျမ်းတွင် "သီရိမဟာဇေယကသည်၊ မင်းကြီးမဟာသီဟသူရဘွဲ့ရသော ရွှေနန်းတော်ကြီးအတွင်း ပန်းမြဝတီမြို့စား"ဟု ပါပြီး မဟာဂီတအသစ်ကျမ်း၌ "မဟာဇေယသူရကသည်၊ မင်းကြီးမဟာသူရဘွဲ့မည်ရသော ရွှေနန်းတော်ကြီးအတွင်းဝန် မြဝတီမြို့စား"ဟု ကွဲလွဲပါသည်။ သီရိမဟာဇေယ၊ မဟာသီဟသူရနှင့် မဟာဇေယသူရ၊ မဟာသူရဘွဲ့အမည်တို့သည် အလွန်ကွဲပြားနေသည်။ အတွင်းဝန် မြဝတီမြို့စားမှာ ကျွန်တော်ရှင်းပြခဲ့သလိုပင် ဝန်ကို ပန်းဟု အကူးမှားခြင်းဖြစ်သည်။

မဟာဂီတမေဒနီကျမ်းနှင့် မဟာဂီတအသစ်ကျမ်းတို့သည် ၃၇ မင်းနတ်ညွှန်းသံကို ရေးမူတစ်ခုစီမှ ကူးခဲ့ဟန်တူသည်။ ထို့ကြောင့် အနည်းငယ်ကွဲပြားနေခြင်းဖြစ်သည်။ ဘွဲ့အမည်ကွဲပြားခြင်းကစ၍ ၃၇ မင်း နတ်ညွှန်းသံရေးသူမှာလည်း နောင်တွင် ဝိဝါဒဖြစ်လာခြင်းဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက ပင်လယ်ကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ပင်လယ်ကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးသူရက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ပင်လယ်ကဏန်း ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ပင်လယ်ကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါပင်လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ပင်လယ်ကဏန်းတွေက ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွေကနေ ရရှိတာဖြစ်ပါတယ်။ ဖျာပုံမြို့နယ်က နေထွက်တဲ့ ပင်လယ်ကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလထဲမှာ ပင်လယ်ကဏန်းတွေ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဒီဇင်ဘာလထဲမှာလဲ ဒီဘက်ကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာလို့ပါ။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးသူရက ပြောပြသည်။

ဖျာပုံမြို့နယ်မှပင်လယ်ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပင်လယ်ကဏန်းပိဿာချိန် ၁၀ လျှင် ငွေကျပ် ၂၇၀၀၀၀ ထိ ဈေးရရှိကြောင်း၊ အဆိုပါ ပင်လယ်ကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများနှင့် ရောင်းဝယ်ရေးလုပ်ကိုင်သူများပါ အဆင်ပြေလာကြောင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးသူရက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တဲကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်နီလာအောင်နှင့် ဝန်ထမ်းများ၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကေဇင်လှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာသို့ သွားရောက်၍ ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် လမ်းအရှည်အသွေး ပြည့်မီရေးနှင့် ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် လမ်းဒီဇိုင်းပုံစံများရေးဆွဲခြင်းနှင့် သတ်မှတ်လမ်းအကျယ်ရရှိရေး စစ်ဆေးတိုင်းတာခြင်းများကို စနစ်တကျ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာရပ်မိရပ်ဖများကို တွေ့ဆုံ၍ ကျေးလက်ကုန်ထုတ်လမ်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ညီစေကွဲ့ တို့မြန်မာ

- ညီစေတဲ့ ညီစေ၊
ရွှေမြန်မာ အမျိုးသားရေး
နိုးကြားကြလေ၊
ဗုဒ္ဓတရား ထွန်းကားမြေ
ထိန်းသိမ်းမသွေ ယဉ်ကျေးမှု၊
ရိုးရာဂုဏ် မပျက်စီးအောင်
စည်းကမ်းတွေးရှု။

- ညီစေတဲ့ ညီစေ၊
ဘုံရန်သူ နယ်ချဲ့များ
တားဆီးကြလေ၊
တိုင်းရင်းသား သွေးချင်းတွေ
လက်တွဲနေ ခိုင်မြဲရေး၊
ဘိုးဘပိုင် အမွေနှစ်ကို
ချစ်မြတ်နိုးပေး။

- ညီစေတဲ့ ညီစေ၊
ကြားလူတွေ ဘယ်လိုဖျက်ဖျက်
ရှေ့ဆက်ကြလေ၊
တန်ဖိုးကြီး မြန်မာ့မြေ
တို့ပိုင်ပေ တို့ထိန်းသိမ်း၊
ရွှေပြည်တော် စနစ်လမ်းကို
လျှောက်လှမ်းအေးငြိမ်း။

- ညီစေတဲ့ ညီစေ၊
နိုင်ငံဂုဏ် မညှိုးနွမ်း
ဂုဏ်ပန်းလှဝေ၊
မျိုးဆက်သစ် လူငယ်တွေ
လက်ကမ်းနေ အမွေနှစ်၊
သမိုင်းကျန် အကျိုးကြောင်းနဲ့
ကောင်းမြတ်လမ်းသစ်။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ညောင်လေးပင်မြို့နယ် ဧက ၅၀၀ ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧက ၅၀၀ ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဧက ၅၀၀ ကျေးရွာ၌ ကျေးရွာတွင်းဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဧက ၅၀၀ ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၈၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆၄ ဒသမ ၆ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကအနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# နိုင်ငံတကာ သတင်းများ

## အလုပ်သမားပါတီ ဗဟိုကော်မတီမျက်နှာစုံညီ အစည်းအဝေး မြောက်ကိုရီးယားခေါင်းဆောင်ဖွင့်လှစ်

**ပြုံယမ်း ဒီဇင်ဘာ ၂၇**

၂၀၂၅ ခုနှစ်အတွက် မူဝါဒ ရည်မှန်းချက်များချမှတ်ရန် လက်ရှိ အာဏာရအလုပ်သမားပါတီ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ယနေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အလုပ်သမားပါတီဗဟိုကော်မတီမျက်နှာစုံညီ အစည်းအဝေး ဖွင့်ပွဲတွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ယခုနှစ်အတွင်းရရှိခဲ့သောအောင်မြင်မှုများအတွက် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

မြောက်ကိုရီးယားအလုပ်သမားပါတီဗဟိုကော်မတီ၏ နှစ်ကုန်မျက်နှာစုံညီအစည်းအဝေးများသည် ရက်အတန်ငယ်မျှ ကြာမြင့်တတ်သည်။

အဆိုပါ အစည်းအဝေးတွင် မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင်များသည် ယခုနှစ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုကို ပြန်လည်ဆန်းစစ်၍ လာမည့်နှစ်အတွက် စီမံကိန်းသစ်များ ရေးဆွဲချမှတ်လေ့ရှိသည်။

ဟွာဆောင်-၁၈ အမည်ရှိ ခေတ်အမီဆုံးတိုက်ချင်းပစ်ဒုံးကျည်သစ်ကို စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက် ကိုရီးယားအလုပ်သမားပါတီမျက်နှာစုံညီ အစည်းအဝေးကို မြောက်ကိုရီးယားနိုင်ငံက စတင်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြောက်ကိုရီးယားနိုင်ငံသည် အလုပ်သမားပါတီမျက်နှာစုံညီအစည်းအဝေးများရလဒ်နှင့် ကင်ဂျုံအန်၏အစည်းအဝေးအပိတ်မိန့်ခွန်းတို့ကိုထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အစ္စရေးသံရုံးအနီး ပေါက်ကွဲမှုဖြစ်ပွား

**ဒေလီ ဒီဇင်ဘာ ၂၇**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အစ္စရေးသံရုံးအနီးတွင် ဒီဇင်ဘာ ၂၆ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အိန္ဒိယရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် အစ္စရေးသံရုံးမှ သံအမှုထမ်းမည်သူတစ်ဦးတစ်ယောက်မျှ အထိအခိုက်မရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဒေလီမြို့ရဲတပ်ဖွဲ့သည် အစ္စရေးသံရုံးအနီး ပေါက်ကွဲမှု အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည့် အစ္စရေးနိုင်ငံသားများ၊အထူးသဖြင့် နယူးဒေလီမြို့ရှိ အစ္စရေးနိုင်ငံသားများအနေဖြင့် ရန်ပြုတိုက်ခိုက်ခံရမည့် အန္တရာယ်ကို ဂရုပြုရန် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အစ္စရေးအစိုးရကတိုက်တွန်းထားသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား ဂါဇာစစ်ပွဲစတင်ဖြစ်ပွားခဲ့သည့် အောက်တိုဘာ ၇ ရက်နောက်ပိုင်း ကမ္ဘာတစ်ဝန်းလုံး၌ ဂျူးဆန့်ကျင်ရေး တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ရာ တစ်ကမ္ဘာလုံးရှိ အစ္စရေးသံရုံးများမှာလည်း တိုက်ခိုက်မှုအန္တရာယ်များကို အထူးသတိထားလျက်ရှိသည်။

နယူးဒေလီမြို့ အစ္စရေးသံရုံးအနီးဖြစ်ပွားခဲ့သောပေါက်ကွဲမှုမှာ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်နိုင်ကြောင်း အစ္စရေးသမ္မတရုံးသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ကိုလီးရှင်း-အက်စ်ဗွီဟောင်ဝစ်ဇာအမြောက်များကို မြောက်ပိုင်းစစ်ဒေသ၌ ရုရှားနိုင်ငံဖြန့်ကြက်မည်



**မော်စကို ဒီဇင်ဘာ ၂၇**

ဖင်လန်နိုင်ငံ၊ နော်ဝေနိုင်ငံတို့နှင့်နယ်စပ်ချင်းထိစပ်လျက်ရှိသော မြောက်ပိုင်းစစ်ဒေသသို့ မကြာမီကာလအတွင်း အသစ်ထုတ်လုပ်ထားသည့် ဟောင်ဝစ်ဇာအမြောက်စနစ်များဖြန့်ကြက်ရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ကိုလီးရှင်း-အက်စ်ဗွီ အမည်ရှိ အဆိုပါ ဟောင်ဝစ်ဇာအမြောက်စနစ်များ စမ်းသပ်မှုလုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးနောက် အရေအတွက်အများအပြားထုတ်လုပ်မှုကို စတင်နေပြီဖြစ်ကြောင်း ရုရှားအစိုးရ၏ ရော့စတက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းစုအကြီးအကဲ ဆာဂေးချီမီဇော့ဗ်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဆာဂေးချီမီဇော့ဗ်၏အဆိုအရ ရုရှားနိုင်ငံအနေဖြင့် ကိုလီးရှင်း-အက်စ်ဗွီ ဟောင်ဝစ်ဇာအမြောက်များကို ယခုနှစ် နှစ်ကုန်မှာပင် မြောက်ပိုင်းစစ်ဒေသ၌ ဖြန့်ကြက်မည်ဖြစ်ကြောင်း သိရသည်။

ပစ်ခတ်နိုင်သည့် အကွာအဝေးအရ အနောက်အုပ်စု၏အမြောက်စနစ်များကို အသာစီးရယူရေးအတွက် မြောက်ပိုင်းစစ်ဒေသ၌ ကိုလီးရှင်-အက်စ်ဗွီအမြောက်စနစ်များလိုအပ်မည်ဖြစ်ကြောင်း ရုရှားစစ်ဘက်က ယူဆထားသည်။

မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ဖင်လန်နိုင်ငံပါဝင်သွားပြီးနောက် ရုရှား၏အနောက်ဘက်နယ်စပ်များ၌ စစ်အင်အားတည်ဆောက်မည်ဖြစ်ကြောင်း ရုရှားအစိုးရက ကြေညာထားသည်။

ကိုလီးရှင်း-အက်စ်ဗွီဟောင်ဝစ်ဇာအမြောက်များသည် တစ်မိနစ်လျှင် အချက်ရေ ၁၀ ချက်ကျော်နှုန်းဖြင့် ၄၄ မိုင်အကွာရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တမီးလ်နာဒူးပြည်နယ် ဓာတ်မြေဩဇာစက်ရုံအနီး၌ အမိုးနီးယားဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် လူ ၄၄ ဦး ဆေးရုံသို့ပို့ဆောင်ခဲ့ရ

**ဒေလီ ဒီဇင်ဘာ ၂၇**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူးပြည်နယ် ဓာတ်မြေဩဇာစက်ရုံတစ်ရုံအနီးရှိ ပိုက်လိုင်းတစ်ခုတွင် ဒီဇင်ဘာ ၂၆ ရက်က အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ လူ ၄၄ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အန်နိုရီအမည်ရှိ ဓာတ်မြေဩဇာစက်ရုံအနီး တည်ဆောက်ထားသည့် အမိုးနီးယားဓာတ်ငွေ့ပိုက်လိုင်းမှ အမိုးနီးယားဓာတ်ငွေ့များ ယိုစိမ့်ခဲ့မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းဓာတ်ငွေ့များကို ရှူရှိုက်မိသူ ၄၄ ဦးကို ဆေးရုံသို့ပို့ဆောင်ထားရကြောင်း တမီးလ်နာဒူးပြည်နယ်တာဝန်ရှိသူများကပြောကြားခဲ့သည်။

အရှည် ၂ ဒသမ ၅ ကီလိုမီတာရှိသည့် ရေအောက်ပိုက်လိုင်းမှတစ်ဆင့် လုပ်ငန်းသုံးအမိုးနီးယားဓာတ်ငွေ့များလက်ခံရယူရန် အန်နိုရီဓာတ်မြေဩဇာစက်ရုံကပြင်ဆင်နေစဉ် အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဓာတ်မြေဩဇာစက်ရုံကို ကိုရိုမင်ဒယ်လ် အင်တာနေရှင်နယ်အမည်ရှိ အိန္ဒိယလုပ်ငန်းစုကြီးတစ်ခုက ပိုင်ဆိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အန်နိုရီ ဓာတ်မြေဩဇာ စက်ရုံအနီး ဘေးကင်း လုံခြုံနေပြီဖြစ်ကြောင်း တမီးလ်နာဒူးပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ဆန်နှင့် အခြားစားနပ်ရိက္ခာများအပေါ် အခွန်စည်းကြပ်မှုနှုန်း ဖိလစ်ပိုင်အစိုးရ ဆက်လက်လျှော့ချပေး

**မနီလာ ဒီဇင်ဘာ ၂၇**

ကုန်ဈေးနှုန်း တည်ငြိမ်မှုကို ထိန်းထားရေးအတွက် ဆန်နှင့် အခြားစားနပ်ရိက္ခာသွင်းကုန်များအပေါ် အခွန်လျှော့ချပေးထားမှုကို ၂၀၂၈ ခုနှစ် နှစ်ကုန်ပိုင်းထိ ဆက်လက်သက်တမ်းတိုးရန် ဖိလစ်ပိုင်သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာက သဘောတူထားကြောင်း ဖိလစ်ပိုင်သမ္မတရုံးက ဒီဇင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ဆန်နှင့် အခြားစားနပ်ရိက္ခာ ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုနှုန်းလျှော့ချထားမှုကို ၂၀၂၁ ခုနှစ်ကပင် စတင်ကျင့်သုံးခဲ့ပြီး ငွေကြေးတန်ဖိုးဖောင်းပွမှုနှုန်းကြောင့် ယခုနှစ်ထိ ဆက်လက်ကျင့်သုံးခဲ့ရသည်။



သို့သော် ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုထိန်းထားရေးအတွက် ၂၀၂၈ ခုနှစ် နှစ်ကုန်ထိ ဆန်နှင့်အခြားစားနပ်ရိက္ခာသွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုနှုန်း ဆက်လက်လျှော့ချပေးရန် သမ္မတမားကို့စ်က သဘောတူထားကြောင်း ဖိလစ်ပိုင်သမ္မတရုံးသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လာမည့်လများအတွင်း ရာသီဥတုပိုမိုဖောက်သွေ့ပုပြင်းလာနိုင်မှုကြောင့် စားနပ်ရိက္ခာလုံခြုံရေးအတွက် ဆန်နှင့်စားနပ်ရိက္ခာသွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုနှုန်း ဆက်လက်လျှော့ချရန်လိုကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ငွေကြေးတန်ဖိုးဖောင်းပွမှုနှုန်းမှာ ၂၀၂၃ ခုနှစ်၏ ပထမ ၁၁ လအတွင်း ပျမ်းမျှအားဖြင့် ၆ ဒသမ ၂ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံ ဆီရာနီဗားဒါးကော်ပိုရေးရှင်း၏ ဒရမ်းချေဆာအာကာသယာဉ်ကို ပတ်ဝန်းကျင်ဖိအားဒဏ်ခံနိုင်ရည်စမ်းသပ်မှုများ စတင်ပြုလုပ်နေ



**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် ဆီရာနီဗားဒါး ကော်ပိုရေးရှင်း၏ ဒရမ်းချေဆာအမည်ရှိ အာကာသယာဉ်ကို ပတ်ဝန်းကျင်ဖိအားဒဏ် ခံနိုင်ရည်စမ်းသပ်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

ဒရမ်းချေဆာ အာကာသယာဉ်အတွက် ပတ်ဝန်းကျင်ဖိအားခံနိုင်ရည်စမ်းသပ်မှုများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ နေးလ်အမ်စထရောင်း အာကာသယာဉ်စမ်းသပ်ရေးစခန်း၌ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်ပတ်ဝန်းကျင်ဖိအားခံနိုင်ရည်စမ်းသပ်မှုများထဲတွင် ပစ်လွှတ်စဉ်နှင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်ချိန် တုန်ခါမှုလှိုင်းများဒဏ်ကို ခံနိုင်ရည်ရှိ၊ မရှိနှင့် အာကာသဟင်းလင်းပြင်၏ ကြမ်းတမ်းသော ပတ်ဝန်းကျင်ဒဏ်ကို ခံနိုင်ရည်ရှိ၊ မရှိ စမ်းသပ်ခြင်းများ ပါဝင်သည်။

ဒရမ်းချေဆာအာကာသယာဉ်သည် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော အာကာသယာဉ်အမျိုးအစားဖြစ်သည်။

ဆီရာနီဗားဒါးနှင့် နာဆာတို့သည် ဒရမ်းချေဆာအာကာသယာဉ်ကို ၂၀၂၄ ခုနှစ် ဧပြီလတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်၊ ပြန်လည်ခွာထွက်နိုင်သော အာကာသယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပေတူ-၃ ဂြိုဟ်တုလမ်းညွှန်နေရာပြစနစ်အတွက် ဂြိုဟ်တုသစ်နှစ်စင်းကို ဒီဇင်ဘာ ၂၆ ရက်က တရုတ်နိုင်ငံ လွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံသည် ပေတူ-၃ ဂြိုဟ်တုလမ်းညွှန် နေရာပြစနစ်အတွက် ဂြိုဟ်တုသစ်နှစ်စင်းကို ဒီဇင်ဘာ ၂၆ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပေတူ-၃ ဂြိုဟ်တုနှစ်စင်းကို လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် စီချမ်ပြည်နယ် ရှီချန်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂြိုဟ်တုနှစ်စင်းသည် ပေတူဂြိုဟ်တု နေရာပြလမ်းညွှန်စနစ်၏ ၅၇ စင်းမြောက်နှင့် ၅၈ စင်းမြောက် ဂြိုဟ်တုများဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၃ ဘီဒုံးပျံသည် ပေတူ-၃ ဂြိုဟ်တုနှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပတ်လမ်းပေါ်၌ စမ်းသပ်မှုများ ပြုလုပ်ပြီးစီးချိန်တွင် ပေတူဂြိုဟ်တုကွန်ရက်နှင့်ချိတ်ဆက်၍ နေရာပြလမ်းညွှန်ဝန်ဆောင်မှုများ စတင်မည်ဖြစ်သည်။

ဒီဇင်ဘာ ၂၆ ရက်မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၅၀၄ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များက ပြောကြားသည်။



**Ref : Xinhua News**
**Trs : KKO**

## တရုတ်နိုင်ငံက ဂြိုဟ်တုသစ်သုံးစင်းကို ပင်လယ်ရေပြင်မှတစ်ဆင့် အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံသည် ဒီဇင်ဘာ ၂၆ ရက်တွင် ဂြိုဟ်တုသစ်သုံးစင်းကို ပင်လယ်ရေပြင်မှတစ်ဆင့် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း တရုတ်ပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။



အဆိုပါ ဂြိုဟ်တုသုံးစင်းကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၁၁ ဒုံးပျံကို ကွမ်တုန်းပြည်နယ် ယန်ကျင်းမြို့ကမ်းရိုးတန်း ကမ်းလွန်ရေပြင်မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၆ ရက်တွင် လွှတ်တင်ခဲ့သည့် ဂြိုဟ်တုသုံးစင်းမှာ ရှီယန်း-၂၄ စီ အမျိုးအစားဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

ရှီယန်း-၂၄ စီဂြိုဟ်တုများကို အာကာသသိပ္ပံနှင့် နည်းပညာစမ်းသပ်မှုများအတွက် အသုံးပြုမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရှီယန်း-၂၄ စီ ဂြိုဟ်တုများကို သဘောင်္တင်ဒုံးပစ်စင်သုံး၍ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၆ ရက် ရှီယန်း-၂၄ စီ ဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများအတွက် ၅၀၃ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဗီတာမင်ဒီက ဦးနှောက်၏တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်အပေါ် အကျိုးသက်ရောက်မှုရှိနေနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၇**

ဗီတာမင်ဒီသည် ဦးနှောက်၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်အပေါ် အကျိုးသက်ရောက်မှုရှိနေနိုင်ကြောင်း ဒီဇင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ တပ်ဖ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဦးနှောက်တစ်ရှူးများအပေါ် ဗီတာမင်ဒီ၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ဦးနှောက်တစ်ရှူးများအတွင်း ဗီတာမင်ဒီ ပါဝင်မှုမြင့်မားခြင်းသည် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ပိုကောင်းလာမှုနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဦးနှောက်တစ်ရှူးများအတွင်း ဗီတာမင်ဒီ ပါဝင်မှုမြင့်မားသူများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ၂၅ ရာခိုင်နှုန်းမှ ၃၃ ရာခိုင်နှုန်းထိ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗီတာမင်ဒီ ပါဝင်မှုအဆင့်သည် လူမျိုးအလိုက် ကွဲပြားမှုများ ရှိနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၉၀ တို့၏ ဦးနှောက်တစ်ရှူးများအတွင်း ဗီတာမင်ဒီပါဝင်မှုအဆင့်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လူနာများ တစ်ရက်လျှင် သွားနှစ်ကြိမ်တိုက်ပါက အဆုတ်ရောင်ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၇**

လူနာများအနေဖြင့် တစ်ရက်လျှင် သွားနှစ်ကြိမ်တိုက်ပေးပါက ဆေးရုံတက်နေစဉ်ကာလအတွင်း အဆုတ်ရောင်ရောဂါ (Pneumonia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်ဆေးကျောင်းမှ သုတေသနပညာရှင်များသည် အသက် ၁၆ နှစ်နှင့်အထက် ဆေးရုံတက်လူနာ ၂၇၈၆ ဦးပါဝင်သော လေ့လာချက်ပေါင်း ၁၅ ခုကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်အရ တစ်ရက်လျှင် နှစ်ကြိမ်မှ လေးကြိမ်ထိ သွားမှန်မှန်တိုက်သူလူနာများ၌ အဆုတ်ရောင်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်ကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆုတ်ရောင်ရောဂါသည် ခံတွင်းမှ စိမ့်ထွက်လာသည့် အဏုဇီဝရုပ်များ အဆုတ်အတွင်း ရောက်ရှိသွားချိန်တွင်လည်း ဖြစ်ပွားတတ်သည်။

မိမိတို့၏လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ခံတွင်းကျန်းမာရေးညံ့ဖျင်းမှုကို အဆုတ်ရောင်ရောဂါဖြစ်ပွားရမှု၏ နောက်ခံအကြောင်းတရားတစ်ရပ်အဖြစ် မှတ်ယူနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် တစ်ရက်လျှင် အနည်းဆုံး သွားနှစ်ကြိမ်တိုက်မည်ဆိုပါက အဆုတ်ရောင်ရောဂါဖြစ်နိုင်ခြေကို ဆေးရုံတက်လူနာများအနေဖြင့် လျှော့ချနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



နိုင်ငံတကာ
## အားကစားသတင်းများ

# မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ဂါနာချို မှတ်တမ်းကောင်းတစ်ရပ်ရရှိ

**မန်ချက်စတာ ဒီဇင်ဘာ ၂၇**

မန်ယူအသင်းနှင့် အေဗီလာအသင်းတို့ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် မန်ယူအသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ဂါနာချိုသည် ဘောက်ဆင်ဒေးကာလအတွင်း ဂိုးသွင်းယူနိုင်သည့်အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယခင်က ပရီးမီးယားလိဂ်ဘောလုံးသမိုင်းတွင် ဘောက်ဆင်ဒေးကာလအတွင်း ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားမှာ ၁၉၉၉ ခုနှစ်က နယူးကာဆယ်အသင်းတွင် ကစားနေသည့် တိုက်စစ်မှူးအိုဝင်က အသက် ၂၀ ၁၂ ရက်ဖြင့် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း ယခုအခါ တိုက်စစ်မှူးဂါနာချိုက အေဗီလာအသင်းအား သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ကာ ဂိုးသွင်းယူသည့်အချိန်တွင် အသက် ၁၉ နှစ် ၁၇၈ ရက်သာရှိသေးသဖြင့် အိုဝင်၏ စံချိန်ကိုကျော်ဖြတ်ခဲ့ပြီး ဘောက်ဆင်ဒေးကာလအတွင်း သွင်းဂိုးနှစ်ဂိုးထိသွင်းယူနိုင်သည့် လူငယ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းအနေဖြင့် ပထမပိုင်းပွဲကစားချိန် ၂၁ မိနစ်နှင့် ၂၆ မိနစ်တို့တွင် အေဗီလာအသင်းကို ဦးဆောင်ဂိုးများ ခွင့်ပြုခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ကစားအားမြှင့်တင်လာခဲ့ရာ ပွဲချိန် ၅၉ မိနစ်နှင့် ပွဲချိန် ၇၁ မိနစ်တွင် တိုက်စစ်မှူး ဂါနာချိုက ချေပဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပွဲကစားချိန် ၈၂ မိနစ်တွင် တိုက်စစ်မှူးဟိုက်လန်းက ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် သုံးဂိုးနှစ်ဂိုးဖြင့်အနိုင်ရခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဖိအားအောက်ကျရောက်ခဲ့သည့် နည်းပြတန်ဟတ်သည်လည်း ဂါနာချို၏သွင်းဂိုးများဖြင့်သက်သာရာရခဲ့သည့်အပြင် တိုက်စစ်မှူးဟိုက်လန်းအနေဖြင့်လည်း မန်ယူအသင်းသို့ရောက်ရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲကစားချိန် မိနစ် ၁၀၀၀ ကျော်မှသာ ပထမဆုံးသွင်းဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**





# စူပါဘင်တန်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုကို နာအိုယာ ဆွတ်ခူး

**တိုကျို ဒီဇင်ဘာ ၂၇**

စူပါဘင်တန် ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအတွက် WBC ၊ WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဂျပန်နိုင်ငံသားနာအိုယာနှင့် WBA၊ IBF စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖိလစ်ပိုင်နိုင်ငံသား မာလွန်တာပါလက်စ်တို့ ဒီဇင်ဘာ ၂၆ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နာအိုယာက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိပြီး စူပါဘင်တန်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုယာသည် ပထမအချီမှစတင်၍ မာလွန်တာပါလက်စ်ကို ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ၁၀ ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

မာလွန်တာပါလက်စ်ကလည်း ပွဲမတိုင်မီကနာအိုယာကို အလဲထိုးရလဒ်ဖြင့်အနိုင်ရရှိအောင် စွမ်းဆောင်ပြမည်ဟု ပြောကြားခဲ့သော်လည်း နာအိုယာက ပြိုင်ဘက်ကင်းချန်ပီယံဆုဖြင့် ထိုက်တန်ကြောင်း စွမ်းဆောင်ပြနိုင်ခဲ့သည်။

နာအိုယာသည် ဘင်တန်ဝိတ်တန်းတွင် ထိုးသတ်ခဲ့စဉ်ကလည်း ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး လက်ဝှေ့လောကတွင် မတူညီသော ဝိတ်တန်းနှစ်ခု၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုဆွတ်ခူးထားသည့် ဒုတိယမြောက်လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဂျူဗင်တပ်အသင်းက ခံစစ်ကစားသမား ဘာရီမာကို လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ရောမ ဒီဇင်ဘာ ၂၇**

ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမားဘာရီမာကို ၂၀၂၈ ခုနှစ်ထိ လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ဘာရီမာသည် ၂၀၂၁ နွေရာသီအပြောင်းအရွှေ့ကာလက တိုရီနိုအသင်းမှ ဂျူဗင်တပ်အသင်းသို့ရောက်ရှိခဲ့ကာ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားသည့် ဒီလိုက်၏နေရာတွင် အစားထိုးပါဝင်ကစားခဲ့ရကာ ၎င်းအနေဖြင့်ခြေစွမ်းပြသ၍ အသင်း၏ လိုအပ်ချက်ကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက လုပ်ခလစာတိုးမြှင့်ကာ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ကြိုးပမ်းခဲ့သည်။

ဘာရီမာသည် ဂျူဗင်တပ်အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေပြီး ၎င်းသည် ယခုနှစ်ဘောလုံးရာသီ အသင်း၏ ဗဟိုခံစစ်ပိုင်းတွင် ပြိုင်ဘက် ကစားသမားများကို အကောင်းဆုံး တားဆီးနိုင်ခဲ့ကာ ခံစစ်ကစားသမားကောင်းတစ်ဦး၏ အရည်အသွေးများကို ပြသနိုင်ခဲ့သောကြောင့် စီးရီးအေပြိုင်ဘက် အင်တာမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် အသင်းတာဝန်ရှိသူများက လုပ်ခလစာတိုးမြှင့်၍ ကာလရှည်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းသည် အမှတ်ပေးဇယားဒုတိယနေရာတွင်ရောက်ရှိနေကာ အဆင့်(၁)မှ အင်တာမီလန်အသင်းနှင့် ရမှတ်လေးမှတ်ကွာဟနေပြီး ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် အတွက် အသင်းမှ ခြေစွမ်းပြကစားသမားများကို သက်တမ်းတိုးရန်ပြင်ဆင်ခဲ့ကာ လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည့် တိုက်စစ်မှူး ချီဆာနှင့် ဗလာဟိုဗစ်အပါအဝင် လာမည့်နွေရာသီတွင် စာချုပ်ကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ရာဘီယို့စ်တို့ကိုလည်း သက်တမ်းတိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# အယ်အီသီဟတ်အသင်းကို သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် တိုက်စစ်မှူးစီရော်နယ်ဒို ၂၀၂၃ ခုနှစ်အတွင်း ဂိုးသွင်းအများဆုံးဖြစ်လာ

**ရီယာ့ဒ် ဒီဇင်ဘာ ၂၇**

အယ်နာဆာအသင်းနှင့်အယ်အီသီဟတ်အသင်းတို့ ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် အယ်နာဆာအသင်းက ငါးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး တိုက်စစ်မှူးစီရော်နယ်ဒိုက အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်အတွင်း ဂိုးသွင်းအများဆုံး ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ယခုနှစ်အတွင်း အယ်နာဆာအသင်းနှင့် ကစားခဲ့သည့်ပြိုင်ပွဲစုံတွင် စုစုပေါင်း သွင်းဂိုး ၄၃ ဂိုးနှင့် ပေါ်တူဂီလက်ရွေးစင် အသင်းအတွက် သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ဂိုးသွင်းအများဆုံး ကစားသမားဖြစ်လာခဲ့ပြီး ၎င်းနောက်တွင် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းဂိုး ၅၂ ဂိုး၊ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘက်ပီက သွင်းဂိုး ၅၂ ဂိုးစီဖြင့် ဒုတိယနေရာတွင် ရပ်တည်နေကာ မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၅၀ ဖြင့် စတုတ္ထနေရာတွင်ရပ်တည်နေသော်လည်း ၎င်းအနေဖြင့် ယခုနှစ်အတွင်း နောက်ဆုံးကစားရမည့် အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး လေးဂိုးသွင်းယူနိုင်ပါက စီရော်နယ်ဒိုကို ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် အယ်အီသီဟတ်အသင်းနှင့် ပွဲစဉ်တွင် အယ်နာဆာအသင်း တိုက်စစ်ပိုင်းကိုဦးဆောင်ခဲ့ပြီး အယ်အီသီဟတ်အသင်းက ပွဲချိန် ၁၄ မိနစ်တွင် ဦးဆောင်ဂိုး ရရှိခဲ့သောကြောင့် အယ်နာဆာ အသင်းအနေဖြင့် တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲကစားချိန် ၁၉ မိနစ်တွင် စီရော်နယ်ဒိုက ပင်နယ်တီမှချေပဂိုးသွင်းယူခဲ့သည့်အပြင် ပွဲချိန် ၃၈ မိနစ်တွင် တာလစ်စကာက ဦးဆောင်ဂိုးထပ်မံသွင်းယူပြီး နှစ်ဂိုး တစ်ဂိုးဖြင့်ဦးဆောင်နေကာ ဒုတိယပိုင်း ပွဲချိန် ၅၁ မိနစ်တွင် အယ်အီသီဟတ်အသင်းက ချေပဂိုး ပြန်လည်သွင်းယူခဲ့သဖြင့် တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိရေးကြိုးပမ်းခဲ့ရာ ပွဲကစားချိန် ၆၈ မိနစ်တို့တွင် စီရော်နယ်ဒိုက ပင်နယ်တီမှ ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အပြင် ပွဲချိန် ၇၅ မိနစ်နှင့် ၈၂ မိနစ်တို့တွင် မာနေးက အနိုင်ဂိုးများသွင်းယူခဲ့သောကြောင့် ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**Ref : RT**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ကြွက်သားဒဏ်ရာကြောင့် အနားယူနေရသည့် ကွင်းလယ်ကစားသမားပက်ထရီ၏ ဒဏ်ရာအခြေအနေမှာ လာမည့် ဇန်နဝါရီ ၁၂ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံတွင်ကစားရမည့် စပိန်စူပါဖလားပြိုင်ပွဲကို လွဲချော်နိုင်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။
- အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် ချိတ်ဆက်နေသည့် စပို့တင်းတိုက်စစ်မှူး ဂိုကာရက်စ်က လာမည့်အပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အင်တာမီလန်အသင်းက မန်ယူအသင်းမှရောင်းချရန်စီစဉ်နေသည့် တိုက်စစ်မှူးမာရှယ်ကို ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ML

# ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ကမ္ဘာ့အဆင့်(၇၈)၌ရပ်တည်



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကိုထုတ်ပြန်ခဲ့ရာတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ကမ္ဘာ့အဆင့် ငါးဆင့်ထိမြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၇၈)နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲ ခြေစစ်ပွဲကစားခဲ့ရာတွင် ရလဒ်ကောင်းများရရှိခဲ့ပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီးနောက် ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ရမှတ် ၈၆၄ မှတ်ထိရရှိခဲ့ပြီးနောက် ကမ္ဘာ့အဆင့် ငါးဆင့်မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဒီဇင်ဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များအရ အာဆီယံဇုန်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၂၅)ဖြင့် အာဆီယံအဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၃၈)ဖြင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၄၂)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၇၈)ဖြင့် အာဆီယံအဆင့်(၄)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၇၉)ဖြင့် အာဆီယံအဆင့်(၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၁၇)ဖြင့် အာဆီယံအဆင့်(၆)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၂၀)ဖြင့် အာဆီယံအဆင့်(၇)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၂၂)ဖြင့် အာဆီယံအဆင့်(၈)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၂၃)ဖြင့် အာဆီယံအဆင့်(၉)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၁၂၉)ဖြင့် အာဆီယံအဆင့်(၁၀)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၃၃)ဖြင့် အာဆီယံအဆင့်(၁၁) နေရာ၌ အသီးသီး ရပ်တည်ခဲ့ကြောင်း သိရသည်။

**STA**

# IFFHS တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဟာလန်း ဆွတ်ခူး

**ဇူးရစ် ဒီဇင်ဘာ ၂၇**


ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့အခြေစိုက် နိုင်ငံတကာဘောလုံးအဖွဲ့၊ သမိုင်းနှင့်အချက်အလက်ဆိုင်ရာအဖွဲ့အစည်း (International Federation of Football History & Statics-IFFHS) က စိစစ်ရွေးချယ် ချီးမြှင့်ပေးအပ်သည့် ၂၀၂၃ ခုနှစ် IFFHS တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို အမ်ဘက်ပီနှင့် မက်ဆီတို့ကိုကျော်ဖြတ်ပြီး မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

IFFHS က တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ပြီးခဲ့သည့် ၁၉၈၈ ခုနှစ်က စတင်ရွေးချယ် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ကြိမ်ရရှိထားသည့်ကစားသမားများအဖြစ် အေစီမီလန်အသင်းနှင့် နယ်သာလန်အသင်း တိုက်စစ်မှူးဟောင်း ဗန်ဘတ်စတန်နှင့် လက်ရှိဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝမ်ဒေါ့စကီးတို့ဖြစ်သည်။

ဟာလန်းသည် ၂၀၂၃ ခုနှစ်အတွင်း မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ ချန်ပီယံလိဂ်ပြိုင်ပွဲ၊ အက်ဖ်အေဖလားပြိုင်ပွဲ၊ ယူအီးအက်ဖ်အေစူပါဖလား ပြိုင်ပွဲတို့၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီနှင့်ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုဆွတ်ခူးနိုင်ခဲ့သည့် မက်ဆီတို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟာလန်း၏နောက်တွင် ပီအက်စ်ဂျီမှ အမ်ဘက်ပီ၊ အင်တာမီယာမီမှ မက်ဆီ၊ မန်စီးတီးမှ ရိုဒရီ၊ ရီးရဲလ်မက်ဒရစ်မှ ဘယ်လင်ဟမ်၊ မန်စီးတီးမှ ဒီဘရိုင်း၊ ဘိုင်ယန်မြူးနစ်မှ ဟယ်ရီကိန်း၊ မန်စီးတီးမှ ဘာနာဒိုဆေးဗား၊ ရီးရဲလ်မက်ဒရစ်မှ ဗင်နီစီးယက်စ်နှင့် အင်တာမီလန်မှ မာတီနက်ဇ်တို့က အစဉ်လိုက် ရပ်တည်ခဲ့ကြကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**



# MNL-II Promotion Amateur Club Tournament 2023 ဗိုလ်လုပွဲစဉ်အဖြစ် Rainbow FC နှင့် Rangers FC တို့ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပသည့် MNL-II Promotion Amateur Club Tournament 2023 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး Rainbow FC အသင်းနှင့် Rangers FC အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

MNL-II Promotion Amateur Club Tournament 2023 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် Rangers FC အသင်းသည် Yangon Galaxy အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သကဲ့သို့ Rainbow FC အသင်းသည်လည်း GOA Hmawbi အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် ပွဲကစားချိန် မိနစ် ၉၀ အတွင်း သရေရလဒ် ထွက်ပေါ်နေပါက အချိန်ပို ၁၅ မိနစ်စီ ဆက်လက်ယှဉ်ပြိုင်စေမည်မဟုတ်ဘဲ တိုက်ရိုက်ပင်နယ်တီကစားပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။

လက်ရှိ MNL-II Promotion Amateur Club Tournament 2023 ပြိုင်ပွဲတွင် ဗိုလ်လုပွဲရောက်ခဲ့သည့် Rainbow FC အသင်းနှင့် Rangers FC အသင်းတို့သည် သတ်မှတ်ထားသည့်ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအရ လာမည့် ၂၀၂၄ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးပြိုင်ပွဲကို တန်းတက်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ကာတာနိုင်ငံတွင်ကျင်းပမည်

**ဒိုဟာ ဒီဇင်ဘာ ၂၇**

ကာတာနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စားပွဲတင်တင်းနစ်ပြိုင်ပွဲကြီးလေးရပ်ကို ဧည့်ခံကျင်းပသွားမည်ဖြစ်ကြောင်း ကာတာစားပွဲတင် တင်းနစ်အဖွဲ့ချုပ်(QTTA)က ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ကာတာနိုင်ငံ၏ စားပွဲတင်တင်းနစ်လောက တိုးတက်လာစေရေးအတွက် စားပွဲတင်တင်းနစ်ကမ္ဘာ့အဆင့်ပြိုင်ပွဲများကို ဧည့်ခံကျင်းပနိုင်ရန် ကမ္ဘာ့စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ထံသို့ ကာတာနိုင်ငံက လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ကာတာနိုင်ငံ၏ လျှောက်ထားမှုကို လက်ခံခဲ့သည်။

ကမ္ဘာ့စားပွဲတင်တင်းနစ်ပြိုင်ပွဲလေးရပ်၏ ပထမဦးဆုံးသောပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၅ ရက်အတွင်းကျင်းပသွားမည်ဖြစ်ကြောင်း ကာတာစားပွဲတင်တင်းနစ်အဖွဲ့ချုပ်(QTTA) က ထုတ်ပြန်ကြေညာခဲ့သည်။

ကာတာနိုင်ငံတွင် ကျင်းပမည့်ပြိုင်ပွဲများတွင် ကမ္ဘာ့အဆင့်(၁) စားပွဲတင် တင်းနစ်ကစားသမားဖြစ်သူ တရုတ်နိုင်ငံသား ဖန်ကျန်းဒန်အပါအဝင် ကမ္ဘာ့အဆင့် ကစားသမား အမြောက်အမြားပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကာတာနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့စားပွဲတင် တင်းနစ်ပြိုင်ပွဲများတွင် ကမ္ဘာ့အဆင့်(၁)နေရာ



မှ ကမ္ဘာ့အဆင့်(၁၆)နေရာတွင် ရပ်တည်နေသောကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သလို ကမ္ဘာ့နိုင်ငံအသီးသီးမှ စားပွဲတင် တင်းနစ်ကစားသမား ပေါင်း ၇၀၀ ကျော်ထိ ပါဝင်ယှဉ်ပြိုင်မည်လည်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# 2023 Riyadh Season Tennis Cup ပြိုင်ပွဲတွင် ဆာဘာလင်ကာက အွန်ဂျပ်ဘာကို အနိုင်ရရှိ

**ရီယာ့ဒ် ဒီဇင်ဘာ ၂၇**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပနေသည့် 2023 Riyadh Season Tennis Cup တင်းနစ်ပြိုင်ပွဲတွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၄-၆၊ ၆-၃၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာသည် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြိုင်ပွဲဝင်နေခြင်းဖြစ်ပြီး ပြီးခဲ့သောရက်ပိုင်းက အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပခဲ့သော 2023 World Tennis League တင်းနစ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၎င်းပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

၂၀၂၃ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၂)နေရာဖြင့် အဆုံးသတ်ခွင့်ရခဲ့သည့် ဆာဘာလင်ကာသည် ဂရန်းစလန်းဆုဖလားသုံးလုံးရရှိထားပြီး လက်ရှိကမ္ဘာ့အဆင့်(၆) နေရာတွင် ရပ်တည်နေသည့် အွန်ဂျပ်ဘာကို အကောင်းဆုံး ပုံစံဖြင့် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ဆာဘာလင်ကာသည် ၂၀၂၄ ခုနှစ် တင်းနစ်ရာသီအတွက် ပြင်ဆင်ရာတွင် ပုံစံကောင်းများ ရရှိထားပြီး ၂၀၂၄ ခုနှစ်တင်းနစ်ရာသီ၏ ပထမဦးဆုံးသောဂရန်းစလန်းပြိုင်ပွဲဖြစ်သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန်လည်း ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing receives delegation led by Director of Directorate of Joint Operations of Royal Thai Armed Forces



Senior General Min Aung Hlaing receives the delegation led by Director of Directorate of Joint Operations of Royal Thai Armed Forces Lieutenant General Jakkapong Janpengpen.

**Nay Pyi Taw December 27**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received a delegation led by Director of Directorate of Joint Operations of Royal Thai Armed Forces Lieutenant General Jakkapong Janpengpen at the parlour of Bayintnaung Villa here this morning.

Present at the meeting together with the Senior General were Lt-Gen Ye Win Oo and senior military officers from Office of Commander-in-Chief. Lieutenant General Jakkapong Janpengpen was accompanied by senior officers of Royal Thai Armed Forces and Thai Military Attaché (Army) Senior Colonel Thanwit Yomchinda.

At the meeting, views on promotion of existing friendship and cooperation between the two nations and armed forces, bilateral cooperation in ensuring peace and stability and the rule of law, anti-narcotic drugs operations and elimination of online gambling and telecom frauds at the border and further extension programs, especially, bilateral cooperation in eradicating the online gambling and telecom frauds near Myawady at the common border, exposed through investigation, bilateral political cooperation between the two countries and security cooperation between the two armed forces to ensure smooth and secure flow of border trade, extended cooperation in providing humanitarian assistance, and information sharing were cordially exchanged.

After the meeting, Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and Lieutenant General Jakkapong Janpengpen exchanged commemorative gifts and posed for documentary photo. 100



Senior General Min Aung Hlaing exchanges gifts with Lieutenant General Jakkapong Janpengpen.

# Pwintphyu Township harvests and threshes over 60,000 acres of monsoon paddy



Monsoon paddy being harvested with the help of machinery.

**Pwintphyu December 27**

In the 2023-2024 monsoon crop growing season in Pwintphyu Township, Magway Region, local farmers have harvested and threshed more than 60,000 acres of paddy that were planted with water from Mezali diversion dam, according to the Township Agriculture Department.

In order to develop the rice production sector and ensure food security in the region, local farmers have cultivated 69,944 acres of monsoon paddy in the whole township by relying on Mezali diversion dam. And 61,702 acres of monsoon paddy have been harvested and threshed.

"In Pwintphyu Township, local farmers began harvesting and threshing the monsoon paddy that were planted during the rainy season this year in order to grow winter crops from early November. Till now, more than 60,000 acres of paddy have been harvested. Rice cultivation in this area has been successful. The average yield of rice per acre is about 90.22 baskets. The local farmers should be aware of post-harvest techniques to prevent the reduction of yield. "We have provided services," said Daw Moe Moe Wai, head of the Township Agriculture Department.

In this year's monsoon paddy planting season, the entire township was able to plant 69,944 acres, exceeding the designated acres, according to the Department of Agriculture in Pwintphyu Township.

Ye Win Naing (NyaungU)

# Good demand from overseas increases sale of cowpeas in Mandalay

**Mandalay December 27**

There were many purchases of cowpeas from abroad and it has good trading in the Mandalay market, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

It is reported that China is currently repurchasing cowpeas produced from Myanmar. Previously, cowpea trading was normal in the Mandalay market. At present, domestic cowpeas have entered the Mandalay market and sales are recovering.

In Mandalay market, there were a lot of domestic and foreign purchases. According to the market price on December 26, the price of cowpeas reached 190,000 kyats per three-basket bag, and the transaction has recovered.

It is said that the cowpeas, the main export of Myanmar, are planted in watershed areas of Ayeyawady River and Chindwin River, in Tawtalin, when the river level falls, and currently, cowpeas are entering the Mandalay market from Myinmu and Myaung in Sagaing Region. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 75,000 viss of Scallop sent to Yangon market from Bogale Township in November


Scallops seen before being transported to Yangon.

**Bogale December 27**

A total of 75,000 viss of scallop was distributed to Yangon Market in November 2023, said Daw Lei Lei Win, owner of marine product depot in Bogale Township of Ayeyawady Region.

Local fishermen send marine products to Yangon market. They sent 54,000 viss of Scallop in October, compared with 75,000 viss in November. In that regard, Scallop fetched K95,000 per 10 viss in the market.

"In November, we sent Scallop to Yangon market. Such kind of seafood is in high demand at domestic market. They could send 54,000 viss of Scallop to Yangon but 75,000 viss in November. In December, marine products including Scallop are facing high demand from Yangon market," she explained.

Thanks to high demand of Scallop from Yangon market, local fishermen and businesspersons related to the fishery industry are in convenience of earning incomes. Local businesspersons also send other marine products as well as agricultural produce to Yangon market.

Kyaw Kyaw Lin

# 'Emerald' meat sector development project to be implemented in 5 villages of four townships in Mandalay

**Mandalay December 27**

The 'Emerald' meat sector development project will be implemented in 5 villages in four townships in Mandalay Region, said Dr Khin Zaw, head of the Region Livestock and Veterinary Department.

The project will start in those villages next year with government subsidies. A fund of K30 million will be provided for the meat sector development in the villages.

"This is a project to develop the meat sector, to improve living conditions, and to reduce poverty. It will be implemented by the supervisory committee. It will be carried out under the supervision of the divisional, district and township level committees. We will work to develop livestock in the villages. Currently, we plan to provide loans to five villages in four townships," Dr Khin Zaw explained.


A goat breeding farm.

The project will be implemented in one village in Sinku Township, two villages in Kyaukse Township and four villages in Pyawbwe Township. In Myittha Township, there is a village for goat breeding. It is known that these villages are earmarked to be given loans for the development of the meat sector.

185

# Local and foreign travellers flock to Ayekyun Village implemented as community-based tourism site

**Mandalay December 27**

Number of travellers at home and abroad is on the increase to pay visit to Ayekyun Village designated as a community-based tourism site, said U Maung Maung Lay, leader of Irrawaddy dolphin protection team.

Ayekyun Village in Madaya Township of Mandalay Region is one of the CBT village attracting travellers. On their arrivals, local and foreign travellers are interested in operating weaving industries, pottery industries, bamboo hat production industries, cheroot industries and sandal production industries in the village.

Most of the travellers leading to Ayekyun Village then turn to watching Irrawaddy dolphins in Ayeyawady River in the segment of Madaya Township," he explained.

Some 100 local and foreign travellers per day arrived at Ayekyun Village of Madaya Township in the first week of December, compared with more than 200 per day starting from the third week of December.

CBT villages in Madaya Township of Mandalay Region are Hsinkyun, Ayekyun, Myaysun and Seinpangon villages, Myitkyigyi and Hsethel villages in Singu Township of Mandalay Region and Ywathit, Tagaung and Seinmalar villages in Wetlet Township of Sagaing Region.

184

# UN chief appoints Sigrid Kaag as senior humanitarian coordinator for Gaza

**United Nations December 27**

UN Secretary-General Antonio Guterres on Tuesday appointed Sigrid Kaag of the Netherlands as the senior humanitarian and reconstruction coordinator for Gaza.

Kaag will facilitate, coordinate, monitor and verify aid consignments to the embattled enclave, in line with a recent UN Security Council resolution. She will also establish a UN mechanism to accelerate humanitarian relief shipments through states that are not party to the conflict.

Kaag is expected to take up the assignment on Jan. 8.

According to a press note issued by the UN chief's office, Kaag has a wealth of experience in political, humanitarian and development affairs, as well as in diplomacy.

Most recently, she served as the first deputy prime minister and first female finance minister in the Dutch Government since January 2022, and was minister for trade and development cooperation from October 2017 to May 2021, and minister for foreign affairs until that September.

Kaag has held a wide range of senior positions in the UN system, including serving as special coordinator for Lebanon from 2015 to 2017, and as the special coordinator of the Joint Mission of the Organization for Prohibition of Chemical Weapons and the UN Mission in Syria from 2013 to 2015.

Xinhua

# Turkish parliamentary committee okays Sweden's NATO bid

**Ankara December 27**

The Turkish parliament's foreign affairs committee on Tuesday approved Sweden's NATO bid following deliberation, a first step necessary for putting it to a full parliament vote.

The bill regarding the approval of Sweden's accession protocol to NATO was adopted by the committee with votes by the ruling Justice and Development Party, the Nationalist Movement Party, and the main opposition Republican People's Party.

The IYI (Good) Party voted against the bill, while the Peoples' Equality and Democracy Party did not participate in the voting.

Fuat Oktay, the committee's chairman, said that Sweden has taken steps, especially regarding the financing of terrorism, but added that Türkiye has "not yet seen the expected results in the fight against terrorism."

The parliament might debate the bid at the general assembly later this week for the final vote. But if the parliament enters recess, the vote will be delayed to the coming new year.

Turkish President Recep Tayyip Erdogan signed Sweden's NATO accession protocol and submitted it to the parliament in October.

Xinhua



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်စမ်းသပ်ပစ်လွှတ်မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့



အိန္ဒိယလေတပ် (IAF) ၏ နောက်ဆုံးပေါ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် နိုင်ငံ၏ အရှေ့ဘက်ရှိ Suryalanka လေတပ်စခန်းတွင် စမ်းသပ်ပစ်လွှတ်မှုများ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံပိုင် သတင်းမီဒီယာများ၏ ဒီဇင်ဘာ ၂၂ ရက် ကာကွယ်ရေးသတင်းများအရ သိရသည်။

ပြည်တွင်းထုတ်တန်ပြန်တိုက်ခိုက်ရေးများအတွက် တိကျသေချာသော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်(SAMAR)သည် စမ်းသပ်ပစ်လွှတ်မှုရည်မှန်းချက်များကို Astra Shakti-2023 စစ်ရေးလေ့ကျင့်မှုများအတွင်း အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

SAMAR သည် တစ်စင်းတည်းပစ်လွှတ်မှုနည်းလမ်း၊ တစ်ပြိုင်တည်းပစ်လွှတ်မှုနည်းလမ်း နှစ်ခုစလုံးတွင် ဒုံးကျည်တစ်စင်းတည်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ ပစ်လွှတ်နိုင်သော အမြှာဆုံလည်ပုံစံမျိုး ဖွံ့စည်းထုတ်လုပ်ထားသည်။

SAMAR ဒုံးကျည်ကို ရုရှားနိုင်ငံ Vympel R-27 ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်မှ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်ထားခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ Tughlakabad ဒေသရှိ အိန္ဒိယလေတပ် (IAF) အမှတ်(၇)လေယာဉ် ပြင်ဆင်ထုတ်လုပ်ရေးစက်ရုံတွင် အဆင့်မြှင့်တင်၊ ပြုပြင်ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။

အိန္ဒိယလေတပ် (IAF) ၏ ကြံ့ခိုင်ထိန်းသိမ်းရေးဌာနချုပ်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် တီထွင်ထုတ်လုပ်ထားသော ပြည်တွင်းထုတ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်သည် ဝန်ကြီးချုပ် NarendraModi ၏ Make in India လုပ်ဆောင်မှုတွင် ကိုယ့်ကိုယ်ကိုယ်ပိုမိုမှီခိုအားထားနိုင်ရန် ကာကွယ်ရေးကဏ္ဍအတွက် တွန်းအားပေးဆောင်ရွက်နေသည့်ကြားမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်သည် နိုင်ငံ၏ ပြည်တွင်းထုတ်သုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ရေးတို့ကို အရှိန်မြှင့်တင်ပေးနိုင်ခဲ့သည်။

မကြာသေးမီက ပြည်တွင်းထုတ် နည်းပညာများတွင် ၂၃ ကီလိုဂရမ် (၅၁ ပေါင်) အလေးချိန်ရှိ Payload တင်ဆောင်နိုင်စွမ်းရှိသော အကွာအဝေး ကီလိုမီတာ ၁၀၀၀(၆၂၁ မိုင်)ထိ တိုက်ပွဲဝင်နိုင်သည့် ALS-50 Kamikaze ဒရုန်းများလည်းပါဝင်သည်။ သို့သော် အစပျိုးထုတ်လုပ်မှုတွင် အားနည်းချက်အချို့ ရှိနေသေးသည်ဟု သိရသည်။ အိန္ဒိယနိုင်ငံသည် အရေးပါသော စစ်လက်နက်ပစ္စည်းကိရိယာများ နိုင်ငံတွင်းသို့ တင်သွင်းမှုလျှော့ချလိုက်ခြင်းကြောင့် စစ်လက်နက်ပစ္စည်းများ ပြတ်လပ်မှုအချို့ရှိနေကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

**India's Indigenous Air Defense Missile System Passes Test Fires ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း၏ NASAMS နှင့် Crotale NG လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရုရှားတပ်ဖွဲ့များ ဖျက်ဆီးနိုင်ခဲ့

ရုရှားတပ်ဖွဲ့များသည် Khmelnitsky ဒေသရှိ Starokonstantinov လေယာဉ်ကွင်းတွင် တပ်စွဲထားသော ယူကရိန်းတို့၏ NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ပြင်သစ်နိုင်ငံက ပံ့ပိုးထားသော Crotale NG လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဒီဇင်ဘာ ၂၄ ရက်တွင် ပစ်မှတ်ထားတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

၎င်းထုတ်ပြန်ချက်အရ ပဋိပက္ခအတွင်း Crotale NG လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တိုက်ခိုက်ဖျက်ဆီးခံခဲ့ရခြင်းသည် ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော အသေးစိတ်အချက်အလက်များအရ နည်းဗျူဟာမြောက်လေယာဉ်၊ ဒရုန်းများ၊ ဒုံးကျည်နှင့်အမြောက်တပ်ဖွဲ့များ ပါဝင်သော ပေါင်းစည်းလက်ရုံးတပ်ဖွဲ့များ၏ ချေမှုန်းရေးတွင် ရန်သူလေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပျက်ပြယ်စေရုံသာမက လေကြောင်းဆိုင်ရာစက်ပစ္စည်းကိရိယာများ၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ Kirovograd ဒေသနှင့် Dnepr မြစ်ကမ်းဘေးရှိ Kanatovo လေယာဉ်ကွင်းများတွင် သိမ်းဆည်းသိုလှောင်ထားသည့် လေကြောင်းစစ်လက်နက်ခဲယမ်းများကို တိုက်ခိုက်ဖျက်ဆီးချေမှုန်းနိုင်ခဲ့ကြောင်း သိရသည်။

ရုရှားတို့၏ တိုက်ခိုက်မှုများကြောင့် ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်အပေါ် မဟာဗျူဟာမြောက် သက်ရောက်မှုတစ်စုံတစ်ရာ ရှိလာနိုင်ကြောင်း မျှော်မှန်းတွက်ချက်ထားကြသည်။ ရုရှားစစ်ဘက်အနေဖြင့်လည်း အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်များ ဖျက်ဆီးခံရသည့်ဓာတ်ပုံများကို လွှင့်တင်ထားခြင်းမရှိသဖြင့် သတင်းမှန်ဟုတ်၊ မဟုတ် အတည်ပြုရန် စောလွန်းနေသေးသည်ဟု www.armyrecognition.com သတင်းဌာနက ရေးသားထားသည်။

ပဋိပက္ခအစကတည်းက ယူကရိန်းထံ နိုင်ငံအများအပြားက NASAMS များကို ပေးအပ်ခဲ့ကြသည်။

ရုရှားနှင့် ယူကရိန်းကြား ပဋိပက္ခအခြေအနေတွင် ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတို့၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းအားများကို အောင်မြင်စွာချေမှုန်းနိုင်ခဲ့ပါက သိသာထင်ရှားသော အားသာချက်များပိုင် ဆိုင်နိုင်စေလိမ့်မည်ဖြစ်သည်။ တိုက်လေယာဉ်များအပါအဝင် လေကြောင်းစွမ်းအားစုများ ပိုမိုလွတ်လပ်စွာ ဖြန့်ကြက်လုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်ပြီး ထောက်လှမ်းရေးသတင်းများ စုဆောင်းခြင်းနှင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်း နှစ်ခုစလုံးတွင် စိုးမိုးနိုင်စေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လေကြောင်းစိုးမိုးမှုရရှိရန်မှာ ရန်သူ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဖျက်ဆီးရုံသာမက အဆင့်မြင့်စွမ်းဆောင်ရည်သုံးလေကြောင်းစွမ်းအားစုများ၊ လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်လေသူရဲများနှင့် ခေတ်မီဆန်းသစ်သောနည်းပညာများကို အသုံးချနိုင်ခြင်းတို့လည်း ပါဝင်သည်။

NASAMS သည် လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ၎င်း၏ အထင်ကြီးလောက်သော စွမ်းရည်များအတွက် နိုင်ငံတကာအသိအမှတ်ပြု လက်နက်စနစ်တစ်ခုဖြစ်သည်။ အဓိကအားဖြင့် ၎င်းသည် AIM-120 အဆင့်မြင့်တာလတ်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်အမျိုးအစား Advanced Medium-Range Air-to-Air Missiles (AMRAAM) ကို အသုံးပြုထားပြီး ပစ်မှတ်များကို အကွာအဝေး ၂၅ ကီလိုမီတာ (၁၅ ဒသမ ၅ မိုင်ခန့်) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိကာ တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးအတွက် ထိရောက်မှုရှိသည်။ အမြင့်သတ်မှတ်ချက်အရ အဆိုပါစနစ်သည် အမြင့် မီတာ ၁၅၂၀၀ (ပေ ၅၀၀၀၀) ထိ ဝေဟင်ခြိမ်းခြောက်မှုများကို တိုက်ပွဲဝင်နိုင်ပြီး လေယာဉ်၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များအပါအဝင် ဝေဟင်ပစ်လွှတ်သည့် ပစ်မှတ်အမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံကာကွယ်ထားနိုင်သည်။



ပြင်သစ်နိုင်ငံထုတ် Crotale NG လေကြောင်းရန်ကာကွယ်ရေးစနစ်သည် အလွန်အောင်မြင်ခဲ့သော Crotale လေကြောင်းရန်ကာကွယ်ရေးစနစ်၏ အဆင့်မြှင့်ဗားရှင်းဖြစ်သည်။ ၎င်းသည် တာတိုမှတာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးအတွက် ဒီဇိုင်းထုတ်ထားပြီး လေယာဉ်၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် တိကျစွာလမ်းညွှန်ထားသော ပဲ့ထိန်းလက်နက်ခဲယမ်းများအပါအဝင် လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို ထိရောက်စွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

တိုက်ပွဲဝင်နိုင်မှုအကွာအဝေး၊ အမြင့်ပေနှင့်ပတ်သက်၍ Crotale NG တွင် ထိရောက်စွာတိုက်ပွဲဝင်နိုင်မှု အကွာအဝေး ခန့်မှန်းခြေ ၁၁ ကီလိုမီတာရှိသည့် VT1 ဒုံးကျည်ကို တပ်ဆင်အသုံးပြုထားသည်။ အမြင့် မီတာ ၆၀၀၀ (၁၉၆၈၅ ပေခန့်)ထိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ပြီး အနိမ့်မှ အလယ်အလတ်အမြင့်ရှိ လေကြောင်းခြိမ်းခြောက်မှုများရန်မှ လွှမ်းခြုံကာကွယ်ပေးနိုင်သည်။

Crotale NG စနစ်သည် ၎င်း၏ အဆင့်မြင့်ရေဒါနှင့် အာရုံခံစနစ်များကြောင့် ပစ်မှတ်အများအပြားကို တစ်ပြိုင်နက် ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိသည်။ တိကျသောကိန်းဂဏန်းများ ကွဲပြားနိုင်ပြီး အချို့ကို လျှို့ဝှက်ထားနိုင်သော်လည်း မျိုးဆက်သစ် Crotale NG လက်နက်စနစ်သည် ယခင်မျိုးဆက်များထက် ရေဒါစွမ်းဆောင်ရည်ပိုင်းတွင် တိုးတက်ကောင်းမွန်လာသည်။

**Russia Claims Destruction of Ukraine's First French-Donated Crotale NG & NASAMS Air Defense Systems ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၈၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မုန်လာစိုက်ခင်းကိုတွေ့ရစဉ်။

**ပုသိမ် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၈၇ ဧကကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလပထမပတ်၌ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက် လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်အနေနဲ့ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနှစ် တောင်သူတွေ ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့၊ ဈေးကွက်ဝင်တဲ့သီးနှံတွေ စိုက်ပျိုးနိုင်ဖို့ကို ဦးစားပေး ပူးပေါင်းဆောင်ရွက်နေပါတယ်။ တောင်သူတွေစိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားရောဂါကင်းရှင်းစေဖို့အပါအဝင် အခြားနည်းပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ပို့ချဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၈၇ ဧကစိုက်ပျိုးရာတွင် ငရုတ်၊ ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ သင်္ဘော၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ် စသည့်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီကလည်း ဟင်းသီးဟင်းရွက် ၂၃၉၇ ဧက စိုက်ပျိုးခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လားရှိုးမြို့ပေါ်ရပ်ကွက်များတွင် ရေပြွန်ဆောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**လားရှိုး ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ပေါ် ရပ်ကွက်များတွင် ရေလုံလောက်စွာ ရရှိရေးအတွက် ရေပြွန်ဆောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ရှိသူများက လားရှိုးမြို့ပေါ် ရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်စေရေး၊ သောက်သုံးရေ လုံလောက်စွာရရှိစေရေးတို့အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ် ကာလငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၈၁ ဒသမ ၈ သိန်းဖြင့် ဆောင်ရွက်သည့် ရေပြွန်ဆောက်လုပ်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လားရှိုးမြို့ပေါ် ရပ်ကွက်များတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရပ်ကွက် (၈) သဇင်လမ်း၌ အရှည် ၂၅ ပေ၊ အကျယ် တစ်ပေ မြောက်လက်မ ကွန်ကရစ်ရေပြွန်ပြုလုပ်ခြင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများဖြစ်သည့် ရပ်ကွက် (၁၀)၊ မြို့ဝမ်လမ်း၌ အရှည် ပေ ၁၀၀၀ ရေပိုက်သွယ်တန်းခြင်း၊



ရပ်ကွက် (၁) လင်းနို့ဂူရေထွက်မှ အရှည်ပေ ၁၂၀၀ ရေပိုက်သွယ်တန်းခြင်း၊ ရပ်ကွက်(၁၂) ဟူးမွန်ရေထွက်မှ အရှည်ပေ ၁၀၀၀ ရေပိုက်သွယ်တန်းခြင်း၊ ရပ်ကွက် (၇)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂) ၌ အရှည်ပေ ၁၀၀၀ မြို့တွင်းရေပိုက်လိုင်းများ ပြုပြင်လဲလှယ်ခြင်းတို့ကို လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် မြို့ပေါ် ရပ်ကွက်များတွင် မိုးကာလရေကြီးရေလျှံမှုမှ ကာကွယ်ပေးခြင်း၊ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**စလင်း ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးလမ်းကော်မတီဝင်များ၊ တော်ဝင်ထွန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ လက်ပကန်ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က အဆိုပါလုပ်ငန်းကို ကျေးရွာလူထုထံ စနစ်တကျလွှဲပြောင်းပေးအပ်ရန် ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားသည်။

လက်ပကန်ကျေးရွာ၌ လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းခင်းခြင်းနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်တွင် အရှည်ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ချောင်းကူးကွန်ကရစ်တံတားတစ်စင်းနှင့် Pipe Curvet တစ်စင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်းကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ တတိယပတ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၁၂-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၉)ကြိမ်မြောက် သာသနတက္ကသိလမဟာဘွဲ့နှင်းသဘင်ကျင်းပ





**ရန်ကုန် ဒီဇင်ဘာ ၂၇**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့၏ (၂၉)ကြိမ်မြောက် သာသနတက္ကသိလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ သင်ကြားစီမံဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယ အဓိပတိဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ ဒုတိယအဓိပတိဆရာ တော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ယနေ့ဘွဲ့ခံယူ ကြသည့် သာသနာ့အာဇာနည်တို့သည် ပရိယတ်ပဋိပတ်တရားများကို နှစ်ရှည်လ များကြိုးစားအားထုတ်သင်ယူခဲ့ကြပြီးဖြစ်၍ သာသနာတော်အတွက် များစွာအထောက် အပံ့ပြုနိုင်သော အရည်အချင်းနှင့် ပြည့်စုံ သည့်ပုဂ္ဂိုလ်များဖြစ်ကြသည့်အားလျော်စွာ "ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လော ကာနု ကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ"ဟူ၍ ဘုရားရှင်ဝိနည်း မဟာဝါပါဠိတော်၌ ညွှန်ပြတော်မူသော သာသနာပြုနည်းနှင့်အညီ မိမိတို့သာသနာ ပြုကြွရာ၌ အများသူငါသတ္တဝါတို့ အကျိုး စီးပွားချမ်းသာများရရှိကြစေရန် မိမိတို့ တတ်သိနားလည်ထားသည်ကို ပိုမိုတတ်သိ နားလည်အောင် လေ့လာသင်ယူကြပြီး အခြားပုဂ္ဂိုလ်များကိုလည်း တတ်သိ နားလည်အောင် ဟောပြောပြသဆုံးမ ကြရန်နှင့် မိမိတို့ကိုယ်တိုင် သိက္ခာသုံးရပ် အကျင့်မြတ်တို့နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်မြတ် များအဖြစ် ပြည်တွင်း၊ပြည်ပနှစ်ဌာနတို့၌ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက် တော်မူကြပါရန်ဖြင့် "သာရဏီယဩဝါဒ" ကထာမြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက ယနေ့ အပ်နှင်းလိုက်သည့် ဘွဲ့တံဆိပ်များသည် စာတွေ့ပိုင်းအနေဖြင့် တစ်စိတ်တစ်ဒေသ ပြီးဆုံးပြီဟု အဓိပ္ပာယ်သက်ရောက်သော် လည်း လက်တွေ့ပိုင်းအနေဖြင့် ယခုအချိန် မှသာစတင်မည်ဖြစ်ပြီး မိမိတို့ကျင်လည်ကျွမ်း ခတ်နေသည့်နယ်ပယ်တွင် ဝမ်းစာပြည့်နေ ရန် အထူးလိုအပ်လှကြောင်း၊စဉ်ဆက်မပြတ် သင်ယူလေ့လာမှုများ ပြုလုပ်ကြရန် တိုက်တွန်းလိုကြောင်း သမ္မောဒနီယဩဝါဒ ကထာမြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာဘွဲ့နှင်း သဘင်အခမ်းအနားနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာ တော် ဘဒ္ဒန္တသုမနကတက္ကသိုလ်များအုပ်ချုပ် ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာ သနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး)မော်ကွန်း ထိန်းဆရာတော်တို့က ဘွဲ့တံဆိပ်တော်ခံယူ ကြမည့် သာသနာ့တက္ကသီလ ဓမ္မပါရဂူ (Ph.D)ဘွဲ့ရ တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့ရ ၁၀ ပါး၊ သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ရ ၂၈ ပါးတို့၏ ဘွဲ့တော်များကိုကြေညာ၍ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံတွင် ဘွဲ့ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာ သနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး)မော်ကွန်း ထိန်းဆရာတော်က သာသနာ့တက္ကသီလ မဟာဓမ္မာစရိယဘွဲ့တံဆိပ်တော် ခံယူမည့် ရဟန်းတော်များနှင့် သာသနာ့တက္ကသီလ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူမည့်ရဟန်း တော်များအား တစ်ပါးချင်း၏ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်များထံ ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ ဒုတိယအဓိပတိဆရာ တော်ကြီးရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော် များက သာသနာပြုကတိသစ္စာခံယူ ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်အမှူးပြုသော ပင့်သံဃာ ၄၉ ပါး၊ ဘွဲ့ခံရဟန်း ၃၉ ပါး စုစုပေါင်း ၈၈ ပါးတို့ ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများ၊အလှူရှင်များက ဆွမ်းဆန် တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ (၂၉)ကြိမ်မြောက် သာသန တက္ကသီလ မဟာဘွဲ့နှင်းသဘင်၌သာသနာ့ တက္ကသီလဓမ္မပါရဂူ(Ph.D)ဘွဲ့ရ တစ်ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A (Buddhism)ဘွဲ့ရ ၁၀ ပါး၊ သာသန တက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့ရ ၂၈ ပါး စုစုပေါင်းဘွဲ့ရအရှင်မြတ် ၃၉ ပါး ဘွဲ့ခံယူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များမှ (၂၉)ကြိမ်မြောက် ထိဘွဲ့ခံယူကြသည့် ရဟန်းတော်စုစုပေါင်း ၃၁၉၄ ပါး ပေါ်ထွန်းခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းအသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၇**

အလုပ်သမားဝန်ကြီးဌာန လူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပ ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူ ပြုလုပ်ငန်းအဖွဲ့ဝင်များ၊ကိုယ်စားလှယ်များ နှင့်လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး က အလုပ်သမားဝန်ကြီးဌာန၏ ရည်မှန်း ချက်များတွင် အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်း အချက်အလက်များ စုဆောင်းပြုစုရေးဆို သည့် အချက်ပါဝင်ပြီး လူဦးရေနှင့် ဖွံ့ဖြိုး မှုစီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ်အတွက် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများဖော် ထုတ်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းအရ ဝန်ကြီးဌာနအနေဖြင့် ၁၉၉၇ ခုနှစ်မှစတင် ၍ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်မှာ ၂၀၂၀-၂၀၂၁ ခုနှစ်ထိ ၂၂ ကြိမ်ရှိပြီ ဖြစ်ကြောင်း။

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများနှင့် ပတ်သက်၍ အညွှန်းကိန်းနှင့်သက်ဆိုင် သည့် ဝန်ကြီးဌာနများမှစာရင်းများတောင်းခံ ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအားလုံးနှင့် သက်ဆိုင်လွှမ်းခြုံသော အညွှန်းကိန်းများကို အညွှန်းကိန်းများလက်စွဲစာအုပ်တွင်တွေ့မြင် နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လက်စွဲ စာအုပ်ပုံမှန်ပြုစုထုတ်ဝေခြင်းဖြင့် ယုံကြည် စိတ်ချရပြီး မှန်ကန်မှုရှိသောကိန်းဂဏန်း အချက်အလက်များအလွယ်တကူရရှိနိုင်ခြင်း၊ အညွှန်းကိန်းများကိုအခြေခံ၍ နိုင်ငံရှေ့ရေး အတွက် ခိုင်မာသောမူဝါဒများချမှတ်နိုင်ခြင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအဆင့်အတန်းနှင့် လူနေမှုအဆင့်အတန်းတို့ကို သိရှိနိုင်ခြင်း ကြောင့် အညွှန်းကိန်းများလက်စွဲစာအုပ်ပြုစု ထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံ၏လူ့စွမ်းအား ဆိုင်ရာမှတ်တိုင်တစ်ခုဖြစ်ကြောင်း။

အလုပ်သမား ဝန်ကြီးဌာနသည် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ဖော် ထုတ်အသုံးပြုရေးလုပ်ငန်းကို ဦးတည် ဆက်သွယ်သည့်ဝန်ကြီးဌာနအဖြစ် ဆောင် ရွက်လျက်ရှိပြီး အခြားဝန်ကြီးဌာန ၂၁ ခုမှ အညွှန်းကိန်းနှင့်သက်ဆိုင်သည့် ဦးစီးဌာန နှင့် အဖွဲ့ ၄၄ ခု၊ တက္ကသိုလ်၊ ကောလိပ် လေးခု၊ ကော်မတီ တစ်ခုနှင့် အသင်းအဖွဲ့ နှစ်ခုတို့မှ လုပ်ငန်းအဖွဲ့ဝင်များ၊ ကျွမ်းကျင် ပညာရှင်များနှင့် စုစည်းညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများလက်စွဲစာအုပ် ရေရှည် တည်တံ့စေရေးအဖွဲ့များခွဲ၍ ဆွေးနွေး သုံးသပ်ပြီး အကြံပြုချက်များရယူကာ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများလက်စွဲ စာအုပ်(၂၀၂၁-၂၀၂၃ခုနှစ်) ထွက်ရှိနိုင် ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း စဉ်များကိုဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-လာအို လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ရက်ထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပသည့် မြန်မာ-လာအို လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး လာအိုနိုင်ငံ လွှန်ပရာဘန်ပြည်နယ်ရှိ မဲခေါင်ရေအား လျှပ်စစ်စီမံကိန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ဒေသစံတော်ချိန်ညနေ ၃ နာရီတွင် ဗီယင်ကျန်းမြို့၌ ကျင်းပသည့် မြန်မာ-လာအို လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးကိုတက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးဦးညဏ်ထွန်းက ဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ပြည့်နှစ် ၁၄၅၄၂ မဂ္ဂါဝပ် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစေရန် နိုင်ငံအတွင်း ဓာတ်အားထုတ်လုပ်မှုများသာမက နယ်စပ်ဖြတ်ကျော် ဓာတ်အားဝယ်ယူမှုများတိုးတက်ဆောင်ရွက်နိုင်ရန် မိမိတို့ဝန်ကြီးဌာန၏ အဓိကအရေးကြီးသော ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်လည်း နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းများ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားဝယ်ယူဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် စီမံကိန်းကိုလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးကို အထူးအလေးထားပါကြောင်း၊ မြန်မာ-လာအို နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းကော်မတီ (Joint Working Committee -JWC) နှင့် ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group-JWG) များဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်လာခဲ့ကြသည့် ငါးနှစ်ကျော်သက်တမ်းကာလအတွင်း သိသာထင်ရှားသော လုပ်ငန်းတိုးတက်မှုများ လုပ်ဆောင်နိုင်ခဲ့သည်ကိုတွေ့ရပါကြောင်း။

ယခင်လေ့လာမှုများအရ မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်း သုံးခုမှ လေးခုထိ ဆောင်ရွက်နိုင်ပြီး၊ စုစုပေါင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၈၀၀ မှ မဂ္ဂါဝပ်၃၂၀၀ ခန့်ထိရရှိနိုင်သည့် အလားအလာရှိသည်ကို သိရှိရပါကြောင်း၊ မဲခေါင်မြစ်စီမံကိန်းတစ်ခုလျှင် မဂ္ဂါဝပ် ၅၀၀နှင့်အထက် တည်ဆောက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကိုမြန်ဆန်စွာ ပြီးမြောက်နိုင်ရေးဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံများအကြား ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ-လာအို နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းကို ကာလတိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်း၏ FSR ပြီးစီးမှုနှင့် FSR အပေါ်စိစစ်သုံးသပ်ချက်များအရ နည်းပညာနှင့် စီးပွားရေး တွက်ခြေကိုက်မှုရှိသည့်အပေါ်မူတည်၍ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးကိုနှစ်နိုင်ငံအစိုးရများထံတင်ပြလမ်းညွှန်မှုခံယူနိုင်မည်ဖြစ်၍ သက်ဆိုင်ရာကုမ္ပဏီများက FSR မြန်ဆန်စွာပြီးစီးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ လာအိုနိုင်ငံအစိုးရ၏ ခိုင်မာသောထောက်ခံအားပေးမှုများကို အပြည့်အဝအသိအမှတ်ပြုပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းနှင့် မဲခေါင်မြစ်ဝှမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးတွဲလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်သည်များကို ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံစွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဖိုဇေးစရာစုံက ဆွေးနွေးပြောကြားရာတွင် မြန်မာ-လာအို နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းစီမံကိန်းနှင့် မဲခေါင်မြစ်ဝှမ်းတွင် ရေအားလျှပ်စစ်စီကိန်းများ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုတို့ကို တွန်းအားပေးဆောင်ရွက်လိုပါကြောင်း၊ ပူးတွဲလုပ်ငန်းအဖွဲ့နှင့် ပူးတွဲလုပ်ငန်းကော်မတီများ၏ အစည်းအဝေးများတွင် ဆွေးနွေးမှုရလဒ်များအရ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သုံးရပ်ဖြစ်သည့် နှစ်နိုင်ငံအကြား Power Supply Framework Agreement လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရန်၊ မြန်မာ-လာအိုနှစ်နိုင်ငံဓာတ်အားစနစ်ချိတ်ဆက်ရေးနည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ရယူမည့် ဓာတ်အားပမာဏများကို လေ့လာသုံးသပ်မည့် အကြံပေးပညာရှင်အဖွဲ့နှင့်ဆောင်ရွက်ရန်နှင့် မဲခေါင်မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို လာအိုကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်တို့အပေါ် နှစ်နိုင်ငံဝန်ကြီးဌာနများက လိုအပ်သော အကူအညီများပေးအပ်သွားမည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်တွင် မဲခေါင်မြစ်ပေါ်တွင် မဂ္ဂါဝပ် ၁၄၆၀ ထုတ်လုပ်မည့် Navigation Lock ပါ ထည့်သွင်းတည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များမေးမြန်းကာ အသေးစိတ် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ





**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ ယမန်နေ့ညနေ ၄ နာရီက မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ချင်းတွင်းခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပန်းခင်းစီမံချက်အဆင့် (၁/၂) ဆောင်ရွက်ပြီးစီးမှုနှင့် ပန်းခင်းစီမံချက် အဆင့်(၃)အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကော်မတီများအလိုက် လုပ်ငန်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက နယ်မြေဒေသအလိုက်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် စီစဉ်ထားရှိမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ပင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများကိုတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများရှင်းလင်းမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လို အပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နမ့်စန်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်


**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက အဆိုပါမြို့ရှိ တပ်နယ်ခန်းမ၌သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုတွေ့ဆုံ အမှာစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိစစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၂၀ မှအဆက်**

ထီးရွှေရွက်နှင့်၊ နှစ်သက်ကြည်နူး၊ ခြိုးခြုံမြှောက်ဘိ၊ ရှုမျှော်သိလော့၊ ထုံးယိုစဉ်လာ. . . "ဟု မယဒေဝတွင် ဖော်ပြထားလေသည်။ ဖော်ပြပါနတ်တော်လတွင် ဆုနှင်းသဘင်ဂုဏ်ရည်ပွဲများ အစဉ်အဆက်ကျင်းပမှုသည် ကိုလိုနီခေတ်ရောက်သွားသောအခါလုံးဝတိမ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။

လွတ်လပ်ရေးရပြီးနောက် စာဆိုတော် ဦးပုညကို အကြောင်းပြု၍ ထိုပွဲသဘင်မျိုးတစ်ဖန်ဖြစ်ပေါ်လာသည်။စာဆိုတော်နေ့အမည်တွင်သည်။အစတွင် ဦးပုညမွေးနေ့ဖြစ်သော ကဆုန်လဆန်း ၃ ရက်ကို ကျင်းပသော်လည်း နောက်ပိုင်းတွင် ၁၃၀၆ ခု နတ်တော်လဆန်း ၁ ရက် ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် ပထမအကြိမ်စာဆိုတော်နေ့ကို ကျင်းပခဲ့ကြသည်။

ထိုမှစတင်၍ စာဆိုတော်နေ့ကို အစဉ်ဆက်ကျင်းပလာခဲ့ကြသည်။ ထိုအချိန်တွင် ဂျပန်ခေတ်ဖြစ်နေသည်။ ဂျပန်ခေတ်ကာလအလွန် ခက်ခဲသောအချိန်တွင်ပြုလုပ်ခဲ့ကြရသည်။ယခုနှစ်သည် နှစ်ပေါင်း ၇၉နှစ်ရှိပြီး နောင်နှစ်တွင် စာဆိုတော်နေ့ နှစ် ၈၀ ပြည့်ဖြစ်တော့မည်။

နတ်တော်လပြည့်နေ့ကို ပိဋကတ်စာပေပညာရှင်ကြီးများ ပူဇော်သည့်အနေဖြင့် "ဓမ္မစာဆိုတော်နေ့" အဖြစ် မင်္ဂလာဗျူဟာအသင်းချုပ်ကြီးက ၁၃၃၇ခုနတ်တော်လပြည့်နေ့ ၁၇-၁၂-၁၉၇၅ မှစတင်၍ ကျင်းပလာခဲ့လေသည်။ဤနှစ်ဆိုလျှင် ၄၈ နှစ်ပြည့်ခဲ့လေပြီ။ နတ်တော်လ၏ကောင်းမွန်သောမြန်မာမှုများကို ရှေ့သို့လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်ကြပါစေဟူသောဆန္ဒဖြင့် နိဂုံးချုပ်အပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၀ | ၂၆၁၀ | ၂၆၀၀ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၁၅ | ၂၅၉၅ | ၂၆၉၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၈၀ | ၂၉၀၀ |
| 95 Ron | ၂၆၆၀ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၂၀ | ၂၆၉၅ | ၂၇၉၅ | ၂၈၁၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၂၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၅ | ၂၅၁၅ | ၂၄၇၅ | ၂၅၁၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၅၅ | ၂၅၅၅ | ၂၇၈၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၀ | ၂၅၂၂ |
| 95 Ron | ၂၅၃၉ | ၂၆၂၃ |
| HSD (500 ppm) | ၂၂၉၄ | ၂၃၇၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၇ |
| HSD (10 ppm) | ၂၃၅၇ | ၂၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီး

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းရှိ နေအိမ်များကို **KKO** (ခွဲထွက်)အဖွဲ့နှင့်**PDF** အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ












ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ နေအိမ်များမီးလောင်ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းရှိ နေအိမ်များကို KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။


ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်ညနေ ၃ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းသို့ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က ရောက်ရှိလာပြီး လူနေအိမ်များကို မီးရှို့ဖျက်ဆီးကာ အဆိုပါရပ်ကွက်၏ မြောက်ဘက်သို့ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ် ၁၂ လုံးမီးလောင်ပျက်စီးခဲ့ကြောင်းသိရသည်။

ယနေ့ ညနေ ၄ နာရီခန့်တွင်လည်းKKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့သည် အဆိုပါရပ်ကွက်အတွင်းရှိ လူနေအိမ်များကို ထပ်မံမီးရှို့ဖျက်ဆီးသွားခဲ့ရာ နေအိမ်လေးလုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင်လည်း ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်အတွင်း ရှိနေအိမ် ၁၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး ၎င်းသတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အိုးမဲ့အိမ်မဲ့ဖြစ်အောင် နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်တိုက်နယ်တွင် လယ်ယာစိုက်ပျိုးရေးချေးငွေကို ရဲစခန်းတွင် အတင်းအဓမ္မဆပ်ခိုင်း၍ လယ်သမားများထိတ်လန့်နေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်တိုက်နယ်တွင် လယ်ယာစိုက်ပျိုးရေး ချေးငွေများကို ရဲစခန်းတွင် အတင်းအဓမ္မဆပ်ခိုင်း၍ လယ်သမားများထိတ်လန့်နေကြောင်း၊ ချေးငွေမဆပ်နိုင်သည့်သူများကို တရားစွဲပြီး ဖမ်းဆီးအရေးယူခိုင်းနေကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ကုန်ကျမှုများ အထောက်အကူပြုနိုင်ရန်အတွက် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ထိုသို့ထုတ်ချေးပေးရာတွင် ယခင်နှစ်ကြွေးကျန် ကျေပြီးမှသာ ချေးငွေအသစ်ထုတ်ချေးသည့် စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ကြွေးကျန်များပြန်လည်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များအနေဖြင့် ကြွေးကျန်ချေးငွေများ ကောက်ခံရာတွင်လည်း စည်းရုံးကောက်ခံသည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး ချေးငွေပေးဆပ်ရန်ကျန်ရှိသည့် တောင်သူများကိုလည်း အမှုဖွင့်အရေးယူထားခြင်းမရှိကြောင်း၊ ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များနှင့်အညီ ကြွေးကျန်များပေးဆပ်ပြီးသည့် တောင်သူများကိုလည်း ချေးငွေသစ်များ စိုက်ပျိုးချိန်အမီထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ ဒေသခံတောင်သူလယ်သမားများ ကြောက်ရွံ့ထိတ်လန့်လာစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် ကောလာဟလသတင်းများကို လုပ်ကြံဖန်တီးရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အိုးဘိုထောင်က နိုင်ကျဉ်းအမျိုးသမီးများ ကျန်းမာရေးထိခိုက်သည်အထိ နှိပ်စက်ခံရပြီး ဆေးကုခွင့်လည်းမရဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးအိုးဘိုထောင်တွင် နိုင်ငံရေးအမှုနှင့် ထောင်ကျနေသည့်အမျိုးသမီးများကို မနက်အစောပိုင်းမှာ ရေထချိုးခိုင်းပြီး လေသာဆောင်တွင် ထဘီရင်ရှားနှင့် ပုံစံထိုင်ခိုင်းခြင်းများပြုလုပ်မှုကြောင့် အမျိုးသမီးလေးပုံသုံးပုံခန့် နာမကျန်းဖြစ်ပြီး ဆေးကုသခွင့်လည်းမရဟု လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ "အကျဉ်းထောင်ဝန်ထမ်းများအနေဖြင့် အကျဉ်းသား၊အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအပေါ်တွင် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်း၊ မိုက်ရိုင်းစွာ ပြောဆိုဆက်ဆံခြင်း၊ ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်းများမရှိဘဲ အကျဉ်းထောင်အက်ဥပဒေ၊ လက်စွဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီသာ စည်းကမ်းစနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိကြောင်း" သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အကျဉ်းဦးစီးဌာန အကျဉ်းထောင်များတွင် နေ့စဉ်သမားစဉ်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းအပေါ် ပြည်သူအချို့မှ အကျဉ်းဦးစီးဌာနနှင့်အကျဉ်းထောင်ဝန်ထမ်းများကို အထင်အမြင်လွဲမှားစေရန် တမင်ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ထိုးနှက်ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်းသစ် စုစုပေါင်း ၉၅ ဒသမ ၈၁၀၄ တန် ဖမ်းဆီးရမိ**

**နေပြည်တော် ဒီဇင်ဘာ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၀ ဒသမ ၄၅၃၂ တန်၊ သစ်မာ ၃၇ ဒသမ ၅၇၃၈ တန်၊ အခြား ၄၇ ဒသမ ၇၈၃၄ တန် စုစုပေါင်း ၉၅ ဒသမ ၈၁၀၄တန်၊ ယာဉ်၊ ယန္တရား ခြောက်စီး၊ တရားခံ ၁၄ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်နိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း ရာသီဥတုလွန်ကဲမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ



**ပေကျင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့် ၂၀၂၄ ခုနှစ်တွင် ရာသီဥတုလွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း တရုတ်အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း ရေကြီးရေလျှံမှု၊ လျှင်လှုပ်ခတ်မှုတို့ဖြင့် မကြာခဏရင်ဆိုင်ခဲ့ရပြီး လက်ရှိ ဒီဇင်ဘာလတွင်လည်း စံချိန်တင်အအေးဓာတ်မြင့်မားမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ရေဘေးနှင့် မြေငလျင်လှုပ်ခတ်မှုအန္တရာယ်ကြောင့် သေဆုံးသူများပြားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုလည်းများပြားခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၌ အယ်လ်နီညိုရာသီဥတုကြောင့် ရာသီဥတုလွန်ကဲမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး ရာသီဥတုလွန်ကဲမှုပြဿနာကို ရင်ဆိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားရာသီဥတု ပြောင်းလဲမှုဆိုင်ရာစင်တာက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"အယ်လ်နီညိုရာသီဥတုကြောင့် ၂၀၂၄ ခုနှစ်မှာ ရာသီဥတုလွန်ကဲမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အထူးသဖြင့် အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်လာနိုင်တယ်။ ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပေါ်လာနိုင်တဲ့ အပူချိန်မြင့်တက်မှုဟာ ကာလရှည်ကြာနိုင်ပြီး အပူချိန်စံချိန်တင်မြင့်တက်လာနိုင်ပါတယ်။ ၂၀၂၃ ခုနှစ်နွေကာလမှာ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်ခဲ့တယ်။ ၂၀၂၄ ခုနှစ်မှာတော့ ၂၀၂၃ ခုနှစ် နွေကာလကထက်ပိုဆိုးနိုင်ပါတယ်"ဟု တရုတ်အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ကျိုဘင်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ရာသီဥတုလွန်ကဲမှု ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေပြီး အယ်လ်နီညိုရာသီဥတုပြင်းထန်မှုအခြေအနေပေါ် မူတည်၍ ရာသီဥတုလွန်ကဲမှု အခြေအနေပြောင်းလဲသွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အနောက်သြစတြေးလျပြည်နယ်တွင် တောမီးငြိမ်းသတ်ရန်ကြိုးပမ်းစဉ် စေတနာ့ဝန်ထမ်းတစ်ဦးသေဆုံး

**ကင်ဘာရာ ဒီဇင်ဘာ ၂၇**

သြစတြေးလျနိုင်ငံ အနောက်သြစတြေးလျပြည်နယ် ကွမ်မယ်ဘစ်ဂပ်မြို့တွင် တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန်ကြိုးပမ်းစဉ် စေတနာ့ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ကြောင်း အနောက်သြစတြေးလျပြည်နယ်ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကွမ်မယ်ဘစ်ဂပ်မြို့အနီး လောင်ကျွမ်းနေသည့်တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသည့်အတွက် တောမီးကို အမြန်ဆုံး ငြိမ်းသတ်ပေးနိုင်ရေးအတွက် ဒေသခံများက စေတနာ့ဝန်ထမ်းများအဖြစ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းပေးခဲ့ကြကြောင်း၊ သစ်တောမြေဧက ၇၀၀၀ ကျော်ထိ တောမီးကူးစက်လောင်ကျွမ်းခဲ့ပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူခဲ့ရကြောင်း သိရသည်။

"အနောက်သြစတြေးလျပြည်နယ်က ဒေသခံတွေ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်လာရရင်



ပြည်သူတွေရဲ့ အသက်ဘေးအန္တရာယ် လုံခြုံမှုရှိစေဖို့အတွက် ဦးစားပေးဆောင်ရွက်နေပါတယ်။ ကွမ်မယ်ဘစ်ဂပ်မြို့အနီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီးတော့ တောမီးကို ထိန်းချုပ်ပေးနိုင်ဖို့အတွက် ဒေသခံတွေက စေတနာ့ဝန်ထမ်းတွေအနေနဲ့ ပါဝင်ကူညီခဲ့ကြတယ်။ စိတ်မကောင်းစရာသတင်းကတော့ ပါဝင်ကူညီပေးခဲ့တဲ့ စေတနာ့ဝန်ထမ်းထဲက လူငယ်တစ်ယောက် အသက်ဆုံးရှုံးလိုက်ရပါတယ်။ ဒီလူငယ်လေးအတွက် မိသားစုနဲ့ ထပ်တူဝမ်းနည်းရပါတယ်"ဟု အနောက်သြစတြေးလျပြည်နယ် ဝန်ကြီးချုပ်ရော်ဂျာကွတ်ခ်က ပြောကြားခဲ့သည်။

စေတနာ့ဝန်ထမ်းများသည် ကိုယ်ပိုင်ကားများဖြင့် ရေသယ်ယူကာ တောမီးကို ကူညီငြိမ်းသတ်ပေးခဲ့ကြခြင်းဖြစ်ပြီး စေတနာ့ဝန်ထမ်းသေဆုံးမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းအရ စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကွန်ဂိုနိုင်ငံတွင် မိုးသက်လေပြင်းကျရောက်ပြီး ရေကြီးရေလျှံမှုကြောင့် လူ ၂၂ ဦးထက်မနည်း သေဆုံး

**ဘရာဇာဗယ်လ် ဒီဇင်ဘာ ၂၇**

ကွန်ဂိုနိုင်ငံ ကာဆိုင်နယ်မြေတွင် ဒီဇင်ဘာ ၂၆ ရက်က မိုးသက်လေပြင်းကျရောက်ခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် လူ ၂၂ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ကာဆိုင်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသက်လေပြင်းသည် ကာဆိုင်နယ်မြေ ကာနန်ဂါမြို့တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နေအိမ်တချို့နှင့် အခြေခံအဆောက်အအုံများပျက်စီးခဲ့ကြောင်း၊ သေဆုံးခဲ့သည့် ဒေသခံများအနက် ၁၀ ဦးမှာ နေအိမ်နံရံများပြိုကျကာ ပိမိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကာဆိုင်နယ်မြေအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

"ကာဆိုင်နယ်မြေမှာ မိုးသက်လေပြင်းကျရောက်ပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေပြီးတော့ ဒေသခံ ၂၂ ယောက်ထက်မနည်း သေဆုံးခဲ့ပါတယ်။ မိုးသက်လေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဧရိယာကတော့ ကာနန်ဂါမြို့ဖြစ်ပါတယ်။ သေဆုံးသူအများစုဟာ နေအိမ်နံရံပြိုကျပိမိတာကြောင့် သေဆုံးခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကိုတော့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအသေးစိတ်ကို တင်ပြထားပြီးဖြစ်ပါတယ်။ ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေဆောင်ရွက်ပေးသွားဖို့အတွက် ကွန်ဂိုအစိုးရရဲ့အကူအညီ လိုအပ်နေပါတယ်"ဟု ကာဆိုင်နယ်မြေအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂွန်ကာဘီယာက ပြောကြားခဲ့သည်။

နေရာတချို့တွင် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ခြင်းကြောင့် ကာဆိုင်နယ်မြေအာဏာပိုင်အဖွဲ့အစည်းက ကွန်ဂိုအစိုးရထံ အကူအညီတောင်းခံသွားမည်ဖြစ်ကြောင်း၊ နေအိမ်များပျက်စီးမှုကြောင့် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည့် ပြည်သူအမြောက်အမြားရှိနေခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်ယူသွားရဖွယ်ရှိနေကြောင်း ကာဆိုင်နယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



Owhkv hd @

# တစ်ခါကဈေးကလေးဆီ

ပိုင်ဆု(ပညာရေး)



(၁)

"အမယ်လေး အစ်မရယ် ကြိုက်တဲ့နေရာချိန်ကြည့် အလေးလဲပြည့်တယ်၊ ဈေးလဲတစ်ဈေးလုံးပတ်မေးကြည့် လို့ရတယ်၊ ကျွန်မတို့က ငါးရောင်းနေပေမဲ့ သမာဓိရှိရှိ မှန်မှန်ကန်ကန်တော့လုပ်ပါတယ်"

"အေးပါဟယ် ဈေးဆစ်မိတာတောင်မှားသွားပြီ။ ကဲ ကဲ ၅၀သားချိန်လိုက်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကဲ ဒီမှာကြည့် ပိုတယ်နော်။ ဟိုအစ်မကြီး ငါးမြစ်ချင်းတွေရှိတယ်နော် အားပေးသွားအုံးလေ။ ငါးခူလေးတွေလဲ မနက်မှရောက်တာ "

မမြင့်သည် ဈေးရောင်းသည့်နေရာတွင်သာမက စကားပြောသည့်နေရာတွင်လည်း တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူဟုဆိုရမည်။ မည်သို့သောကိစ္စဖြစ်လာပါစေ လိမ္မာပါးနပ်စွာ ပြောဆိုဖြေရှင်းတတ်သူလည်း ဖြစ်သည်။သူ့ဘက်က မှားနေလျှင်တောင်မှ အမှန်ဖြစ်အောင် ပြောဆိုတတ်သူမို့ မမြင့်ကို တစ်ဈေးလုံးပြိုင်ငြင်းရဲသူမရှိကြပေ။ သို့သော်လည်း စိတ်ရင်းကောင်းပြီး ဖော်ရွေတတ်သူမို့ တစ်ဈေးလုံးက မမြင့်ကို ခင်ကြသည်။ ထိုထဲတွင် ဈေးထဲမှ ထမင်းကြော်ရောင်းသော ကိုကျော်ကြီးက အထင်ရှားဆုံးပင်ဖြစ်သည်။

ကိုကျော်ကြီးသည် တစ်ဈေးလုံးရှိဈေးသည်များ၏ နံနက်စာအတွက် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဖြင့် ထမင်းကြော်လိုက်ပို့သူဖြစ်သည်။ လူပျိုကြီးဖြစ်သည့်အပြင် ကပ်စေးနှဲသူလည်းဖြစ်သည်။ သို့သော် မမြင့်အပေါ် စေတနာပိုလွန်းသူဖြစ်သည်။ မမြင့်သည်လည်း အသက် ၄၀ ဝန်းကျင် အပျိုကြီးဖြစ်သော်လည်း လုံးကြီးပေါက်လှညိုချောဖြစ်သောကြောင့် ကိုကျော်ကြီး စိတ်ဝင်စားနေခြင်းဖြစ်သည်။

"ဟဲ့ မမြင့် နင့်ကို ကိုကျော်ကြီးက သဘောကျနေတာနော်။ နင်ကော ဘယ်လိုသဘောရလဲ"

ဘေးဆိုင်မှ ဝက်သားသည် အေးမြက မေးလိုက်ခြင်းဖြစ်သည်။ မမြင့်က ချက်ချင်းမဖြေသေးဘဲ ရေခွေးကိုမှုတ်သောက်လိုက်သေးသည်။ ထို့နောက် ပြုံးရွှင်စွာဖြင့် ပြန်ဖြေလိုက်သည်။

"အမယ်လေး အေးမြရယ် အခုသောက်နေတဲ့ ရေနွေးတောင် ဒီလောက်ပူနေတာ နောက်ထပ်အပူမရှာပါရစေနဲ့။ နောက်ပြီး ကိုကျော်ကြီးပုံစံကိုကြည့်စမ်း ခန္ဓာကိုယ်က ဝဝထွားထွားနဲ့ ကိုယ်ပြားကြီး ငါ့မျက်စိထဲတော့ ငါးမြစ်ချင်းကြီးကျနေတာပဲ။ တော်ကြာ သူနဲ့ယူပြီး ငါက ငါးမှတ်ပြီး ဓားနဲ့ခုတ်လိုက်မှ ထောင်ကျနေပါအုံးမယ်အေ"

"ဟား ဟား ဟား"

မမြင့်၏စကားကြောင့် ဝက်သားသည် အေးမြအပါအဝင် အနီးဝန်းကျင်ရှိဈေးသည်များပါ အားရပါးရ ရယ်လိုက်ကြတော့သည်။

(၂)

"မမြင့်လေးရေ ထမင်းကြော်မှာအုံးမလား"

အိမ်နှင့် ဈေးသည် အလွန်ဝေးသောကြောင့် မမြင့်သည် သူများထက်စောအောင်လာပြီး ပြင်ဆင်လေ့ရှိသည်။ ဆိုင်ဖွင့်နေတုန်း ကိုကျော်ကြီးက ထမင်းကြော်မှာဦးမလား မေးလာသည်။

"မှာမယ်ကိုကျော်ကြီး ကြက်ဥနဲ့တစ်ပွဲ လိုက်ပွဲပါ တစ်ခါထဲထည့်ခဲ့"

"စိတ်ချ မမြင့်လေး အမြန်ဆုံးလာပို့ပေးမယ်"

"နေပါအုံး ကိုကျော်ကြီးရဲ့ မမြင့်လေးဆိုတော့ ဒီဈေးမှာ နောက်ထပ်မမြင့်တစ်၊ မမြင့်နှစ်၊ မမြင့်သုံး တွေရှိသေးလို့လား"

"ဟို ဟို ဒါက ဒီလိုမမြင့်လေး"

"တော် တော် ကိုကျော်ကြီး ကျွန်မကသူများရဲ့နောက်မှာမဖြစ်ချင်ဘူး အခြားမမြင့်တွေ ရှိသေးရင် နံပါတ်စဉ်နောက်တော့မဖြစ်ချင်ဘူး။ နံပါတ်စဉ် တစ်ပဲ ဖြစ်ချင်တယ်။ ဒါကြောင့် ကျွန်မကို မမြင့်တစ်လို့ပဲခေါ် ဟုတ်ပြီလား"

"အေး အေးပါ မမြင့်တစ်။ ဟာ မမြင့် တော်ပြီ တော်ပြီ သွားတော့မယ်"

ရှက်ကိုးရှက်ကန်းဖြင့်ပြေးသွားသော ကိုကျော်ကြီးကိုကြည့်ပြီး မမြင့်သဘောကျမိသည်။ ကိုကျော်ကြီးသည် စီးပွားရေးအရရော၊ လူမှုဆက်ဆံရေးအရရော အဆင်ပြေသည့်လူဖြစ်သည်။ မမြင့်အပေါ်လည်း မေတ္တာရှိနေသူဖြစ်မှန်းလည်းသိသည်။ မမြင့်ကိုယ်တိုင်က ဘဝကိုအပူအပင်မရှာချင်ပေ။ အသက် ၆၀ ကျော် အဖေနှင့်အမေကို လုပ်ကျွေးနေသူဖြစ်သည်။ မမြင့်သည် ငါးရောင်းသော်လည်း ငါးကိုသတ်ဖြတ်သည့်သူတော့မဟုတ်ပေ။ ဒိုင်မှအသင့်ရေခဲရိုက်ထားသော ငါးများကို တစ်ဆင့်ရောင်းချနေသူဖြစ်သည်။ ရသလောက်နှင့် ရောင့်ရဲတင်းတိမ်ပြီး ဘဝကိုအေးအေးချမ်းချမ်းဖြတ်သန်းနေသော မမြင့်အတွက် အချစ်ဆိုသောအရာသည် သူနှင့် မသက်ဆိုင်သောအရာဟုသာ သတ်မှတ်ထားခဲ့သည်။

(၃)

မမြင့်တစ်ယောက် ဈေးထဲတွင်ရန်ဖြစ်ရင်း တစ်ဖက်လူကို ရိုက်လိုက်လို့ ရုံးရောက်သွားသည်ဟူသော သတင်းသည် ဈေးထဲတွင် ဟိုးလေးတကျော်ဖြစ်နေခဲ့သည်။ မည်မျှပင် စကားတတ်ပြီး အငြင်းပွားတတ်သူဖြစ်ပါစေ သူများအပေါ်တော့ မတရားလုပ်တတ်သူမဟုတ်သော မမြင့် အခုရုံးရောက်နေသည်ဆိုသောကြောင့် အားလုံး စိတ်ဝင်တစားဖြစ်နေကြသည်။ ထိုထဲတွင် ကိုကျော်ကြီးအဆိုးဆုံး။

"ဘယ်လိုဖြစ်တာလဲ အေးမြရာ။ မမြင့်ရန်ဖြစ်တယ်ဆိုတာ ယုံတောင်မယုံနိုင်ဘူး"

"ဟုတ်တယ် ကိုကျော်ကြီးရေ။ ဒါနဲ့ ကိုကျော်ကြီး ရုံးလိုက်သွားပါလား။ အခြေအနေလေး ဘာလေး သိရအောင်"

"အေး ဟုတ်သားပဲ ငါလိုက်သွားလိုက်အုံးမယ်"

"ပြီးရင် ကျွန်မတို့ကို ပြန်ပြောပြအုံးနော်"

ကိုကျော်ကြီးလည်း ရပ်ကွက်ရုံးသို့ ကမန်းကတန်း လိုက်သွားတော့သည်။ အေးမြနှင့် ဈေးသည်တချို့ကတော့ ဈေးရောင်းရင်းကျန်နေခဲ့ရသော်လည်း သူတို့ စိတ်ထဲတွင်လည်း မမြင့်အတွက် စိုးရိမ်ပူပန်နေကြသည်။

(၄)

"အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ် ကိုကျော်ကြီးရယ်။ အာမခံပေးတဲ့အတွက်ကော၊ ကျွန်မဘက်ကနေ သတိတရရှိပေးတဲ့အတွက်ကော တကယ်ကို ကျေးဇူးတင်ပါတယ်"

"မဟုတ်တာ မမြင့်ရာ ကျွန်တော်တို့က သူစိမ်းတွေမှမဟုတ်ဘဲ"

"ရှင်"

"ဟို ဟို ဒီလိုပါ ကျွန်တော်တို့က တစ်ဈေးထဲမှာ အလုပ်လုပ်နေကြတဲ့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေ လို့ဆိုလိုတာပါ"

မမြင့်ဘာမျှပြန်မပြောတော့ပေ။ ကိုကျော်ကြီးကို နှုတ်ဆက်ရင်း အိမ်သို့သာပြန်လိုက်တော့သည်။ ဘဝပေးအခြေအနေအရ ငါးသည်မ ဖြစ်နေသော်လည်း မတရားသည့်အလုပ်၊ မမှန်မကန်သည့်အလုပ်ကိုတော့ မမြင့် ဘယ်တော့မှမလုပ်ပေ။ အရှက်နှင့်သိက္ခာကို ထိပါးလာသည်ဆိုလျှင်လည်း သည်းခံသည့်သူမဟုတ်ပေ။ ကိုကျော်ကြီးသည် မမြင့်ကို အာမခံပေးခဲ့သည်။ ဘယ်သူ့ကို ဘာလုပ်လိုက်လို့၊ ဘယ်သူနဲ့ ဘယ်လိုပြဿနာဖြစ်လို့ ဆိုသည်ကိုတော့ မမေးခဲ့ပေ။ တကယ်တော့ မမြင့် ရိုက်ခဲ့သောသူမှာအခြားသူမဟုတ်ပေ။ ကိုကျော်ကြီး၏အစ်မဖြစ်သည်။ မမြင့် ဈေးသို့လာရာလမ်းတွင် စောင့်ပြီး မမြင့်ကို-

"ဟဲ့ ငါးသည်မ နင်က ငါ့မောင်ကျော်ကြီးကို ဘာဆေးတွေနဲ့မြူဆွယ်ထားတာလဲ။ နင်လိုငါးသည်မနဲ့ ငါ့မောင်နဲ့တန်လို့လား"ဆိုပြီးပြဿနာစရှာခဲ့သည်။

"ဒီမှာ ရှင်တို့မောင်ကို ကျွန်မက လိုလားပါတယ်၊ လက်ခံပါတယ်လို့ပြောထားလို့လား။ ရှင်တို့မောင်က အရှက်မရှိ အသက်အရွယ်မှအားမနာ အမဲရိုးငမ်းသလို လာလာငမ်းနေတာလေ။ ရှင်တို့မောင် ရှင်တို့သွားပြောလေ"

"အောင်မာ ငါးသည်မကများ ငါ့မောင်ကိုခွေးနဲ့ လာနှိုင်းနေတယ် မိမစစ်ဖမစစ်မကများ"

မိဘနှင့်လာပြောသည်ကိုတော့ မမြင့်လက်မခံပေ။ ထို့ကြောင့်ပင် အနီးတွင်ရှိသော သစ်သားအပိုင်းအစနှင့် ကိုကျော်ကြီးအစ်မဖြစ်သူ၏ခေါင်းကို ရိုက်ချလိုက်တော့သည်။ ထို့ကြောင့်ပင် မမြင့် ရုံးသို့ရောက်ခဲ့ခြင်းဖြစ်သည်။

ကိုကျော်ကြီးကတော့ဘာမှမသိဘဲ သူ့ဘက်က ရပ်တည်ပြီးအာမခံပေးခဲ့သည်။ ဖြစ်ရပ်အလုံးစုံကို ကိုကျော်ကြီးသိသွားလျှင်တော့ ဘယ်လိုဖြစ်လာနိုင်မလဲဆိုတာတော့ မမြင့်မသိပေ။ သိလည်းမသိချင်တော့ပေ။ သေချာတာကတော့ သူ၏မိဘနှင့် သူ၏ အရှက်သိက္ခာအတွက်တော့ သူ ရဲရင့်နေရပေဦးမည်။

(၅)

"ငါးတွေရမယ်နော် ငါးမြစ်ချင်းတွေလတ်တယ်၊ ငါးကြင်းတွေလဲပါတယ်၊ ဈေးမှန်အလေးပြည့် လတ်လတ်ဆတ်ဆတ်လေးတွေ ဝယ်သွားကြနော်"

"အစ်မရေ ထမင်းကြော်မှာအုံးမလား"

"အင်း ကြက်ဥနဲ့တစ်ပွဲ လိုက်ပွဲပါတစ်ခါထဲ ယူခဲ့နော်"

မမြင့်သည် ထမင်းကြော်သည်ကောင်ကလေးကို ထမင်းကြော်မှာလိုက်ပြီးသည်နှင့် မမြင့်၏စိတ်ထဲတွင် ကိုကျော်ကြီးကိုသတိရမိသေးသည်။ ပြဿနာဖြစ်ပြီးနောက်နေ့ကတည်းက မမြင့်သည် အခြားမြို့နယ်တစ်ခုတွင် ဈေးရောင်းရန် ဆုံးဖြတ်လိုက်သည်။ ယခုဈေးသည် မမြင့်တို့နေသည့်နေရာနှင့်လည်း သိပ်မဝေးပေ။ မမြင့်နေသည့်နေရာကို ယခင်ဈေးကလူများ မည်သူမှမသိသောကြောင့် အဆက်အသွယ် ပြတ်ခဲ့ရသည်။ မည်သည့်နေရာရောက်ပါစေ မမြင့်ကတော့ ငါးသည်မ အဖြစ် ရှန်းကန်နေရပေဦးမည်။ တစ်ခါတလေ တိုက်ဆိုင်မှုရှိသည့်အခါများတွင်တော့ ကိုကျော်ကြီးကို သတိရနေမိသည်မှာလည်း မမြင့်ကိုယ်တိုင် အသိဆုံးပင် ဖြစ်ပါတော့သည်။

❖ မမြင့်သည် ထမင်းကြော်သည်ကောင်ကလေးကို ထမင်းကြော်မှာလိုက်ပြီးသည်နှင့် မမြင့်၏စိတ်ထဲတွင် ကိုကျော်ကြီးကို သတိရမိသေးသည်။ ပြဿနာဖြစ်ပြီးနောက်နေ့ကတည်းက မမြင့်သည် အခြားမြို့နယ်တစ်ခုတွင် ဈေးရောင်းရန် ဆုံးဖြတ်လိုက်သည်။ ယခုဈေးသည် မမြင့်တို့နေသည့်နေရာနှင့်လည်း သိပ်မဝေးပေ။ မမြင့်နေသည့်နေရာကို ယခင်ဈေးကလူများ မည်သူမှမသိသောကြောင့် အဆက်အသွယ်ပြတ်ခဲ့ရသည်။ ❖

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၇၂၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲရိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၅၇၂၄ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၇၂၄ ဧကကို ၂၀၂၄ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံမြေပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ အခုနှစ်ဆောင်းမြေပဲ ၅၇၂၄ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဝါးခယ်မမြို့နယ်က ဒေသခံတောင်သူတွေက ဆောင်းသီးနှံမြေပဲကို စိုက်ပျိုးဖို့ပြင်ဆင်နေပါတယ်။ စိုက်ပျိုးမဲ့မြေပဲတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဌာနက ဆောင်ရွက်ပေးသွားမှာပါ။ မြေပဲက မြေအမျိုးအစားပေါ် မူတည်ပြီး အထွက်နှုန်းတွေ မတူညီတာတွေ ရှိပါတယ်။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို အထွက်နှုန်းပိုအောင်လုပ်ဖို့ တစ်မြို့နယ်လုံးအထွက်တိုးအောင် ခရိုင်နဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအပါအဝင် ဆီထွက်သီးနှံ မြေပဲများ အထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှုမှန်ကန်စေရေး နည်းစနစ်များ၊ ဒေသမြေအနေအထားနှင့် မြေပဲမျိုးကောင်းမျိုးသန့် အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် နမ့်လန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် လုံမုံကျေးရွာအုပ်စု နမ့်လန်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာများနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နမ့်လန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဘက်စုံသုံးခန်းမကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

နမ့်လန်ကျေးရွာ၌ အလျား ၄၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၇၀ စုစုပေါင်းငွေကျပ်သိန်း ၂၂၀ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နံလာ**



# မိုးညှိမြို့နယ် မနော်နွယ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေး

**မိုးညို ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလံချောင်ကျေးရွာအုပ်စု မနော်နွယ်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ဖြစ်မှုဖြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များကို စီမံကိန်းရန်ပုံငွေကျပ် ၂၂ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၂ ဒသမ ၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ် ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ရန်ပုံငွေကျပ် ၂၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

## ရွှေဝါဝင်းချိန်

\- ရှစ်ရပ်ခွင်မှာ၊ မှိုင်းမှုန်ပြာ
နှင်းဖြာလို့အေး၊ ငွေရောင်ဖွေး
ဖွေးတယ်လေ့ ဖွေးတယ်လေး။

\- ပင်ကိုင်းရိပ်ခို၊ သံချိုချို
မဖိုချိုးငှက်၊ တေးသံဆက်
ဆက်တယ်လေ့ ဆက်တယ်လေး။

\- ရွှေရောင်အဆင်း၊ တို့လယ်ကွင်း
ဝင်းဝင်းဝါဝါ၊ ကောက်နှံဖြာ
ဖြာတယ်လေ့ ဖြာတယ်လေး။

\- တံစဉ်ကိုင်စွဲ၊ လယ်ရိတ်မြဲ
မလွဲတူပြိုင်၊ လုပ်ငန်းလှိုင်
လှိုင်တယ်လေ့ လှိုင်တယ်လေး။

\- သစ်ရိပ်ကောင်းမှာ၊ နားခိုကာ
ဆုံလာစားမြဲ၊ ထမင်းပွဲ
နွှဲတယ်လေ့ နွှဲတယ်လေး။

\- လုပ်ငန်းဆက်ပြန်၊ ဆိုတေးညံ
လွင့်ပျံတိမ်ထက်၊ မိုးယံတက်
တက်တယ်လေ့ တက်တယ်လေး။

\- သည်ချိန်သည်ခါ၊ တို့ပြည်ရွာ
ရိက္ခာကြွယ်ရေး၊ အလေးပေး
ပေးတယ်လေ့ ပေးတယ်လေး။

**မန်းတင့်မော်**

# ဒက္ခိဏသီရိမြို့နယ် ပေါက်တောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ပေါက်တောကျေးရွာတွင် အနက် ပေ ၄၀၀၊ အကျယ် ၄ဒသမ ၅ လက်မ ရှိစက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်၂၀ ဒသမ ၄၂ သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**

# အစ္စရေးတို့၏ ရေငုံနှုတ်ပိတ်မူဝါဒ (No Comment Policy)

**❖ No Comment Policy အောက်တွင် လှုပ်ရှားခဲ့သော အစ္စရေးတို့၏ စစ်ဆင်ရေးများ၌ အဓိကဇာတ်ဆောင်များအဖြစ် အစ္စရေးလေတပ်၊ အစ္စရေးအထူးတပ်ဖွဲ့များနှင့် အစ္စရေးအမျိုးသားထောက်လှမ်းရေးအေဂျင်စီ (မော့ဆက်ဒ်)တို့က အဓိကပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် သတင်းရယူရေးနှင့် အသေးစိတ်အချက်အလက်များ ပံ့ပိုးပေးနိုင်ရေးတို့အတွက် မော့ဆက်ဒ်က အတွင်းကျကျ လှုပ်ရှားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များအတွင်းက စတင်ဖွဲ့စည်းခဲ့သည့် မော့ဆက်ဒ်သည် အစ္စရေး၏ ရန်သူတော်မှန်သမျှကို ကမ္ဘာအနှံ့ခြေဆန့်၍ စနစ်တကျသုတ်သင်ရှင်းလင်းရာ၌ ကမ္ဘာကျော်သည့် အဖွဲ့ကြီးလည်းဖြစ်သည်။ ❖**

အစ္စရေးနိုင်ငံအတွင်းရှိ လေတပ်အခြေစိုက်စခန်းအသီးသီးမှ အက်ဖ်-၁၅ နှင့် အက်ဖ်-၁၆ တိုက်လေယာဉ်လေးစီးကို အစ္စရေးဝေဟင်အတွင်း တစ်ဟုန်ထိုး ပျံတက်သွားသည်။ ထိုတိုက်လေယာဉ်များသည် နိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်မှ တစ်ဆင့် မြောက်ဘက်သို့ ဦးတည်ပျံသန်းသွားပြီး လက်ဘနွန်နယ်စပ်ကို ဖြတ်ကျော်ကာ အရှေ့ဘက်ဆီးရီးယား-တူရကီယဲနယ်စပ်ဘက်သို့တိုင် တိတ်တဆိတ်ခရီးရှည်ပျံသန်းသွားသည်။ အဆင့်မြင့် ကိုယ်ပျောက်နည်းပညာ အသုံးပြုထားသော အစ္စရေးတိုက်လေယာဉ်များသည် ဆီးရီးယားရေဒါများကို အသာအယာဖြတ်ကျော်နိုင်ခဲ့ပြီး ၎င်းတို့ကို ပေးထားသည့် မြေပုံညွှန်းများတွင် တန်ချိန် ၁၇ တန်ခန့် အလေးချိန်ရှိသော ဗုံးများကြဲချခဲ့သည်။ ထိုနေရာများသည် ဆီးရီးယားအရှေ့ဘက်ပိုင်း ဒီယာအက်ဇ်ဇောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအတွင်းတည်ရှိပြီး ချူကလီးယားစက်ရုံများဟု သံသယရှိရာနေရာများလည်းဖြစ်သည်။ ဗုံးများ ကြဲချပြီးနောက် အစ္စရေးလေတပ်တိုက်လေယာဉ်မှူးများက စကားဝှက်ဖြင့် အစ္စရေးလေတပ်ဌာနချုပ်များရှိရာသို့ ပြန်လည်ဆက်သွယ်ကာ "Operation Outside the Box" ဟု အမည်ပေးထားသည့် ၎င်းတို့၏ လျှို့ဝှက်စစ်ဆင်ရေးကြီး အောင်မြင်စွာ ပြီးမြောက်ကြောင်း အစီရင်ခံလိုက်သည်။

အထက်ပါအဖြစ်အပျက်များသည် ဆယ်စုနှစ်တစ်စုကျော်ကြာ မည်သူ့လက်ချက်မှန်းမသိရဘဲ တိမ်မြုပ်နေခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် မတ်လပိုင်းကမှ အစ္စရေးတို့၏ ထုတ်ဖော်ကြေညာချက်ကြောင့် ကမ္ဘာက အသေးစိတ်သိရှိခဲ့ရခြင်းဖြစ်လေသည်။ ထိုဆီးရီးယားချူကလီးယားဓာတ်ပေါင်းဖို တိုက်ခိုက်မှုကဲ့သို့သော အလားတူ တိုက်ခိုက်မှုပေါင်းများစွာကို မူဝါဒသစ်တစ်ခု၏အောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ၎င်းမူဝါဒကို "ရေငုံနှုတ်ပိတ် မူဝါဒ (No Comment Policy)"ဟု အစ္စရေးတို့က အမည်ပေးထားသည်။ အစ္စရေးတို့၏ No Comment Policy သည် ရန်သူနိုင်ငံများတွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအပေါ် တစ်စုံတစ်ရာ တာဝန်ရှိကြောင်း ကြေညာခြင်းသို့မဟုတ် ထိုတိုက်ခိုက်မှုများကို အစ္စရေးတို့ မပြုလုပ်ကြောင်း ငြင်းဆန်ခြင်း နှစ်မျိုးစလုံးကို မပြုလုပ်ရန် အစ္စရေးတာဝန်ရှိသူ အဆင့်ဆင့်ကို တင်းကျပ်စွာ အမိန့်ထုတ်ပြန်တားမြစ်ထားသည့် မူဝါဒပင်ဖြစ်သည်။

အစ္စရေးတို့အနေဖြင့် ၎င်းတို့၏ ရန်သူနိုင်ငံများထံ၌ အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သော လက်နက်များ ရယူပိုင်ဆိုင်သွားခြင်းမရှိစေရန်နှင့် နိုင်ငံများကြား အတိအလင်း စစ်မက်ဖြစ်ပွားမည့် အရေးကို ရှောင်လွှဲနိုင်ရန်အတွက် ဤမူဝါဒကို ထိထိရောက်ရောက် အသုံးချခဲ့ကြသည်။ ၎င်းမူဝါဒကို အစ္စရေးတို့က လက်ရှိအချိန်ထိ အသုံးချနေဆဲဖြစ်သည်ဟု ယူဆရပြီး ကြီးမားသောစစ်ဆင်ရေးပေါင်းများစွာကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ ရန်သူနိုင်ငံများ၏ လက်စားချေတုံ့ပြန်မည့်ဒဏ်ကိုလည်း ကောင်းစွာရှောင်လွှဲနိုင်ခဲ့သည်။ အစ္စရေးတို့၏ No Comment Policy သည် အောက်ပါအခြေအနေ သုံးရပ်ကြောင့် အထိရောက်ဆုံး အောင်မြင်ခဲ့သည်ဟု ယူဆနိုင်ပေသည်။

ပထမအခြေအနေမှာ ရန်သူနိုင်ငံအနေဖြင့် အလုံးစုံစစ်ပွဲတစ်ရပ် ဆင်နွှဲရန် အမှန်တကယ် ပြင်းပြင်းပြပြဆန္ဒမရှိသည့် အခိုက်အတန့်မျိုး၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ လွတ်လပ်စွာ သတင်းရေးသားဖော်ပြခွင့်ကို ကန့်သတ်ထားသည့် နိုင်ငံမျိုးအတွက် No Comment Policy ဖြင့် ပြုလုပ်ခဲ့သော စစ်ဆင်ရေးများသည် အထူးအောင်မြင်ခဲ့ခြင်းဖြစ်သည်။ တတိယအချက်မှာ တိုက်ခိုက်ခံရသည့်နိုင်ငံသို့မဟုတ် အဖွဲ့ အစည်းအနေဖြင့် ၎င်းတို့ တိုက်ခိုက်ခံရသည့်အရာကို ပိုင်ဆိုင်ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာမှ မသိရှိစေလိုသည့်အခါဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်၍ ပိုင်ဆိုင်ထားသည့်အရာများကို တိုက်ခိုက်ခံရသည့်အခါ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ထုတ်ပြန်လိုက်ပါက အခြား Third Party အဖွဲ့အစည်းတစ်ခုခုက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လာနိုင်သည့်အခါမျိုးတွင် တိုက်ခိုက်ခံရသည့်ဖြစ်ရပ်ကို ရေငုံနှုတ်ပိတ်နေကြလေ့ရှိသည်။

အထက်တွင် ဖော်ပြခဲ့သည့် ဆီးရီးယားနိုင်ငံ ဒီယာအက်ဇ်ဇောနယ်မြေမှ ချူကလီးယားဓာတ်ပေါင်းဖိုတိုက်ခိုက်ခံရမှုဖြစ်ရပ်အပြီး တစ်လခန့်ကြာသည်ထိ အစ္စရေးမီဒီယာများသည် ၎င်းအကြောင်းအရာနှင့် ပတ်သက်၍ တစ်စွန်းတစ်စမျှ ရေးသားဖော်ပြခဲ့ကြခြင်းမရှိချေ။ အစ္စရေး၏ ထိုအပြုအမူက ဟစ်ဇ်ဘိုလာနှင့် အီရန်တို့၏ လက်တုံ့ပြန်လိုသည့်အရေးကို ရှောင်လွှဲနိုင်စေခဲ့သည်။ ၎င်းဖြစ်စဉ်အပြီး တစ်လနီးပါးခန့်ကြာသွားပြီးနောက် အောက်တိုဘာ ၂ ရက်တွင် အစ္စရေးစစ်ဘက်၏ သတင်းထုတ်ဝေမှုဆိုင်ရာ ဆင်ဆာတည်းဖြတ်ရေးဌာနက အစ္စရေးလေတပ်မှ တိုက်လေယာဉ်များသည် စက်တင်ဘာ ၆ ရက် မတိုင်မီက ဆီးရီးယားနယ်မြေအတွင်းပိုင်းရှိ ပစ်မှတ်တစ်ခုကို တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အကြမ်းဖျင်းမျှ ထုတ်ပြန်ကြေညာခဲ့လေသည်။

No Comment Policy အောက်တွင် လှုပ်ရှားခဲ့သော အစ္စရေးတို့၏စစ်ဆင်ရေးများ၌ အဓိကဇာတ်ဆောင်များအဖြစ် အစ္စရေးလေတပ်၊ အစ္စရေးအထူးတပ်ဖွဲ့များနှင့် အစ္စရေးအမျိုးသားထောက်လှမ်းရေးအေဂျင်စီ (မော့ဆက်ဒ်)တို့က အဓိကပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် သတင်းရယူရေးနှင့် အသေးစိတ်အချက်အလက်များ ပံ့ပိုးပေးနိုင်ရေးတို့အတွက် မော့ဆက်ဒ်က အတွင်းကျကျ လှုပ်ရှားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များအတွင်းက စတင်ဖွဲ့စည်းခဲ့သည့် မော့ဆက်ဒ်သည် အစ္စရေး၏ ရန်သူတော်မှန်သမျှကို ကမ္ဘာအနှံ့ခြေဆန့်၍ စနစ်တကျသုတ်သင်ရှင်းလင်းရာ၌ ကမ္ဘာကျော်သည့်အဖွဲ့ကြီးလည်းဖြစ်သည်။ စီအိုင်အေဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ အက်ဒ်ဝါ့ဒ်စနိုးဒန် ဖော်ထုတ်ခဲ့သော အချက်အလက်များအရ ဆီးရီးယားခေါင်းဆောင် ဘာရှာအယ်လ်အာဆတ်ဒ်၏ ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီးများအနက်မှ တစ်ဦးဖြစ်သော ဗိုလ်ချုပ်ကြီး မုဟမ္မဒ် ဆူလေမန်ကို အစ္စရေးရေတပ်၏ အထူးကွန်မန်ဒိုတပ်ဖွဲ့များက သွားရောက်သုတ်သင်ခဲ့သောစစ်ဆင်ရေးအပါအဝင် အခြားသော သုတ်သင်ရှင်းလင်းမှုပေါင်းများစွာကို မော့ဆက်ဒ်က အောင်အောင်မြင်မြင်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

No Comment Policy ဖြင့် လှုပ်ရှားခဲ့သည့် သုတ်သင်ရှင်းလင်းရေး စီမံချက်များ၌ အစ္စရေးတို့အနေဖြင့် ရန်သူနိုင်ငံများ၏ အရေးပါသော စစ်ဘက်ထိပ်တန်းခေါင်းဆောင်များကိုသာမက ချူကလီးယားလက်နက်ပိုင်ဆိုင်ရေး လှုပ်ရှားနေသည့် ရန်သူဘက်တော်သား သိပ္ပံပညာရှင်များကိုလည်း သုတ်သင်ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြသည်။ နောက်ထပ် No Comment Policy အရ ပြုလုပ်ခဲ့သော စစ်ဆင်ရေးတစ်မျိုးမှာ ဆိုက်ဘာတိုက်ခိုက်မှု စစ်ဆင်ရေးများဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်ဇွန်လတွင် ဘီလာရုစ် ကွန်ပျူတာနည်းပညာလုံခြုံရေးကုမ္ပဏီတစ်ခုက အီရန်ချူကလီးယားစနစ်များကို ထိခိုက်ပျက်စီးစေခဲ့သော စွမ်းအားကောင်းမွန်သည့် ဆိုက်ဘာလက်နက်စနစ်တစ်မျိုးအကြောင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းကို Stuxnet ကွန်ပျူတာဗိုင်းရပ်ဟု နောက်ပိုင်း၌ အမည်ပေးခဲ့ကြပြီး အက်ဒ်ဝါ့ဒ်စနိုးဒန်၏အဆိုအရ ထိုကွန်ပျူတာဗိုင်းရပ်ကို အမေရိကန်နှင့် အစ္စရေးပညာရှင်များ ပူးပေါင်း ရေးသားခဲ့ကြခြင်းဖြစ်သည်ဟု ဆိုလေသည်။ ဗိုင်းရပ်၏ အဓိကလုပ်ဆောင်ချက်သည် ကွန်ပျူတာများ၏ သတင်းအချက်အလက်များကို ရယူရန်မဟုတ်ဘဲ အီရန် ယူရေနီယံသန့်စင်ရေး စက်ဒလက်များ၏ လုပ်ဆောင်ချက်များ ပြောင်းလဲသွားစေရန် ကုဒ်ရေးသားထားခြင်းဖြစ်သည်။ Stuxnet ဗိုင်းရပ်ကြောင့် ယူရေနီယံသန့်စင်နေသည့် စက်ဒလက်များ၏ လည်ပတ်နေမှုနှုန်းသည် အလွန်မြင့်မားသွားမည်ဖြစ်ကာ ရလဒ်အားဖြင့် အီရန်တို့၏ ယူရေနီယံ သန့်စင်ရေးစက်ရုံများရှိ စက်ဒလက် အခု ၆၀၀၀ အနက် အခု ၁၀၀၀ ခန့်ကို ပျက်စီးသွားစေခဲ့သည်။ ၎င်းဆိုက်ဘာတိုက်ခိုက်မှုသည် အီရန်တို့၏ ချူကလီးယားပိုင်ဆိုင်နိုင်ရေး ရည်မှန်းချက်များကို အချိန်အတိုင်းအတာတစ်ခုထိ ကြန့်ကြာသွားစေခဲ့ပြီး ကောင်းစွာ အနှောင့်အယှက်ပေးနိုင်ခဲ့လေသည်။

အစ္စရေးအထူးတပ်ဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ဟောင်းနှင့် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့မှ ဗိုလ်မှူးချုပ်တစ်ဦးဖြစ်သူက မိမိတို့၏ No Comment Policy အောက်မှ လုပ်ဆောင်ချက်များသည် ရန်သူကိုကျရှုံးသွားစေရန် ရည်ရွယ်သည်ထက်နှောင့်ယှက်နှောင့် ကြုံလာနိုင်သည့် အကြီးစား ထိပ်တိုက်ရင်ဆိုင်မှုများ၌ အစ္စရေး၏ ရန်သူများကို အားအင်ချည့်နဲ့သွားစေရန် လက်ဦးမှုရယူ လုပ်ဆောင်ခြင်းများဖြစ်သည်ဟု ယူဆနိုင်ကြောင်း၊ ရန်သူနိုင်ငံများ၏ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေမည့်လက်နက်များ ရယူပိုင်ဆိုင်နိုင်ရေးလုပ်ဆောင်ချက်များကို ကာကွယ်ဟန့်တားနိုင်ရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထို့ကြောင့် အစ္စရေးတို့အနေဖြင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ၊ ရန်သူ့လက်နက်စက်ရုံများနှင့် စစ်လက်နက်ပစ္စည်းယာဉ်တန်းများအပေါ် တိုက်ခိုက်မှုများ၊ အဓိကအခန်းကဏ္ဍမှ လူပုဂ္ဂိုလ်များကို လုပ်ကြံသတ်ဖြတ်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ဖွယ်ရှိပေသည်။

အစ္စရေးတို့သည် No Comment Policy ကို အောင်မြင်စွာ ကျင့်သုံးခဲ့ကြခြင်းဖြင့် အထက်ပါ တိုက်ခိုက်မှုများအတွက် တာဝန်ယူရမှုများကို ရှောင်လွှဲနိုင်ခဲ့ကာ ၎င်းတို့အပေါ် လက်တုံ့ပြန်တိုက်ခိုက်လာမည့်အရေးကိုလည်း ရှောင်ဖယ်နိုင်ခဲ့သည်။ No Comment Policy ဖြင့် ပြုလုပ်ခဲ့သော စစ်ဆင်ရေးများသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ဟစ်ဇ်ဘိုလာတပ်ဖွဲ့များ အင်အားကြီးထွားလာချိန်၊ အာရပ်နွေဦးဖြစ်စဉ်အပြီး အရှေ့အလယ်ပိုင်းနိုင်ငံများ၏စုစည်းမှု ဖရိုဖရဲဖြစ်သွားချိန်နှင့် အီရန်၏ ချူကလီးယားအစီအစဉ်များကို အဟန့်အတားဖြစ်စေရန်တို့အတွက် ချိန်ကိုက်လုပ်ဆောင်ခဲ့သည်ကိုလည်း တွေ့နိုင်ပေသည်။ ပေါ်လစီကို ဖော်ဆောင်ရာ၌ အစ္စရေးတို့အနေဖြင့် လိမ္မာပါးနပ်စွာ ဟန်ချက်မျှတအောင် ဖော်ဆောင်နိုင်ခဲ့သည်။ တစ်ဖက်တွင် ရန်သူနိုင်ငံ၏ အစ္စရေးအပေါ် အမှန်တကယ် အလုံးစုံစစ်ပွဲ ဆင်နွှဲလိုစိတ်မရှိသည့်အခြေအနေမျိုး ရှိရမည်ဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ရန်သူဘက်မှ လက်တုံ့ပြန်လာနိုင်သည်ထိ ကြီးကြီးမားမား ပမာဏကို လက်လွန်ခြေလွန် လုပ်ဆောင်မိသည်မျိုး မဖြစ်ရန်အထူးသတိပြုခဲ့ရမည်ဖြစ်သည်။ ရန်သူနိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် အစ္စရေးအပေါ် လက်တုံ့ပြန်လိုစိတ် အရှိန်အဟုန် လျော့ကျသွားသည်ထိ အချိန်အတိုင်းအတာတစ်ခုယူကာ ရေငုံနှုတ်ပိတ်နေထိုင်ခဲ့ပြီး ၎င်းတို့ အလိုရှိသည့် နောက်ထပ်ပစ်မှတ်များကို ထပ်ကာထပ်ကာ ချေမှုန်းနိုင်ခဲ့မှုကြောင့် အစ္စရေးတို့သည် No Comment Policy ကို အပြည့်အဝ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု အသိအမှတ်ပြုရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- www.militarystrategymagazine.com

**မောင်ရာဇာ(ရွှေမန်းမြေ)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် သွေးခုံး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင် သွေးခုံး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကာ အောက်တိုဘာလက သွေးခုံးပိဿာချိန် ၅၄၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ သွေးခုံးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေး ပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း သွေးခုံးတွေကို ရန်ကုန်ဈေးကွက်သို့ တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက သွေးခုံးပိဿာချိန် ၅၄၀၀၀ ထိ ပဲတင်ပို့ရောင်းချခဲ့ရပါတယ်။ နိုဝင်ဘာလမှာတော့ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့တာပါ"ဟု ဘိုကလေးမြို့နယ် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ တင်ပို့ ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း၊ အဆိုပါဒေသမှ သွေးခုံးများအပါအဝင် အခြားရေထွက်ကုန်နှင့်လယ်ယာထွက်ကုန်များလည်း ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်လဲ့လဲ့ဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းယောင်း ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ဝမ်ဘိုးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းက ဝမ်ဘိုးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေး ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်ဘိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၅ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၉၀၅ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၉၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၃၈၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၀၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"စားဖိုဆောင်သီးနှံအနေနဲ့ အထွက်နှုန်းကောင်းမွန်အောင် ပုံမှန်လုပ်မယ်။ စားဖိုဆောင်သီးနှံတွေရဲ့ကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးလုပ်မယ်။ စားဖိုဆောင်သီးနှံဖြစ်တဲ့အတွက် ဘေးအန္တရာယ်ကင်းရှင်းအောင် GAP စိုက်နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် နည်းပညာပေးနေပါတယ်။ အဲဒါတွေကတော့ ဦးစားပေးဆောင်ရွက်နေတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံအနေနဲ့ စိုက်ပျိုးမှုကတော့ တိုးတက်တယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ရေဦးမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ငရုတ် ၄၇၆ ဧက၊ ကြက်သွန်နီ ၁၅၁၂ ဧက၊ ကြက်သွန်ဖြူ ၉၁၇ ဧက စုစုပေါင်း ၂၉၀၅ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ငရုတ် ၄၈၉ ဧက၊ ကြက်သွန်နီ ၂၂၀၃ ဧက၊ ကြက်သွန်ဖြူ ၁၁၄၅ ဧက စုစုပေါင်း ၃၈၃၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးတောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်းရရှိအောင် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ် မြို့ချောင်းကျေးရွာတွင် ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ မြို့ချောင်းကျေးရွာတွင် ကွန်ကရစ်တံတားတည်ဆောက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစိုးမိုးသူနှင့် တာဝန်ခံအင်ဂျင်နီယာများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဝင်များနှင့်အတူ မြို့ချောင်းကျေးရွာတွင် ကွန်ကရစ်တံတားတည် ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ပုသိမ်မြို့နယ် မြို့ချောင်းကျေးရွာတွင် အရှည် ၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၀ ပေရှိကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal Ayar ကုမ္ပဏီက ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက မြို့ချောင်းကျေးရွာရှိ ဒေသခံတောင်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် သွားလာရေး အဆင်ပြေချောမွေ့လာမည့်အပြင် ဒေသမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မိုင်းဆတ်မြို့နယ် ရှု့ခင်းသာ(၃) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းဆတ် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှု့ခင်းသာ(၃) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်၊ မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးနှင့် တာဝန်ရှိသူများသည် ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရှု့ခင်းသာ(၃) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

ရှု့ခင်းသာ(၃) ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က ပြောပြ၍ သိရသည်။ **ငြိမ်းသူ(စလင်း)**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အသင့်ဖြစ်စေ

ငွေးကြည်(စလင်း)

အထက်ဖော်ပြပါ ခေါင်းစဉ်သည် ကမ္ဘာကျော် စကောက်အဖွဲ့ကြီးကို တည်ထောင်သည့် "လော့ဒ် ဘေဒင်ပဝယ်လ်"၏ဆောင်ပုဒ်ဖြစ်သည်။

"ကြိုတင်ပြင်ဆင်ခြင်းသည် တစ်ဝက်ပြီးသည်"ဟု တရုတ်အတွေးအခေါ် ပညာရှင် ကွန်ဖြူးရှပ်က ပြောဆိုထားသဖြင့် အားလုံးအတွက် အသင့်ပြင်ဆင်ထားရန်လိုသည်။

လွယ်ကူသက်သာစွာဖြင့် ဘာဆိုဘာမျှ အလကားမရသည့်လောကတွင် အသင့်ဖြစ်ရန် ပြင်ဆင်ရသည်မှာ လွယ်ကူမည်တော့မဟုတ်ပေ။ သို့သော် ယနေ့ကြိုတင်မပြင်ဆင်သူသည် မနက်ဖြန်အတွက် အသင့်မဖြစ်ပေ။ လူတော်တော်များများ အသင့်မဖြစ်ကြခြင်းမှာ အလုပ်တစ်ခုကို ချက်ချင်းမလုပ်ကြသောကြောင့်ဖြစ်သည်။

ယနေ့ပြီးရမည့်အလုပ်ကို မနက်ဖြန်ထိ ရက်ရွှေ့ပြီး မနက်ဖြန်လုပ်ရမည့်အလုပ်ကို နောက်တစ်နေ့မနက်ဖြန်ထိ ထပ်မံရက်ရွှေ့နေကြသူများမှာ ဆင်းရဲတွင်းသို့ အဆင်းလှေကားတွင် ခြေတင်နေကြခြင်းဖြစ်သည်။ "ဆင်ခြေပေးသောပါးစပ် ထမင်းငတ်တတ်" ဆိုသလို ရက်ရွှေ့တတ်သောအကျင့်များ မပျောက်ပျက်သမျှ ဘယ်တော့မှ အသင့်ဖြစ်ကြမည်မဟုတ်ပေ။

အသင့်ဖြစ်ရန်အတွက် အကောင်းဆုံးလုပ်ရပ်မှာ ယခုပြီးမည့်အလုပ်ကို ယခုလုပ်ခြင်းပင်ဖြစ်သည်။

သင်အခိုင်အမာစတင်ရမည့်နေရာကား ယခုပင်ဖြစ်သည်။ သင်ရောက်ရှိသည့်နေရာမှစ၍ လုပ်စရာအလုပ်ကို ယခုပင်စတင်လိုက်လျှင် အသင့်ဖြစ်ရန် လမ်းစဖြစ်သည်။ "နေရာတိုင်းမှာ ဘဝရှိသည်။ ဘဝတိုင်းတွင်လည်း ပြင်ဆင်စရာများ လိုအပ်သည်"ဆိုသည့် ရုရှားစာရေးဆရာ လီယိုတော်စတွိုင်း၏စကားအရ ယခုပြီးနိုင်သောအလုပ်ကို ယခုလုပ်မှသာ ဘဝအတွက်ကြိုတင်ပြင်ဆင်မှုများ ပြီးမြောက်နိုင်သည်။

လောကတွင် အရေးကြီးသည့်အချက် သုံးချက်ရှိသည်။ ၎င်းတို့မှာ-

(၁) အသိပညာ(Knowledge)
(၂) ကျွမ်းကျင်မှုစွမ်းရည်(Skill)
(၃) အောင်မြင်လိုစိတ်(Desire to succeed) တို့ဖြစ်သည်။

ထိုအချက်သုံးချက်ကို အာရုံစူးစိုက်ကြိုးစားလုပ်ကိုင်ပါလျှင် အောင်မြင်မှုပန်းတိုင်လှမ်းကိုင်နိုင်ပေလိမ့်မည်။

လူ့ဘဝအတွက် အချိန်တိုင်း တန်ဖိုးရှိသည်။ ကုန်လွန်ပြီးဆုံးသွားသော နာရီလက်တံကို ပြန်လည်ရွှေ့ယူမရသော်လည်း ယခုလက်ရှိအချိန်ကိုမူ အပိုင်ယူ၍ရသည်။ သို့အတွက် ယခုလက်ရှိ ဒီနေ့ကို အမိအရယူလိုက်ပါ။

ဘဝဆိုသည်မှာ စက်ဘီးစီးသလိုပင်။ ကိုယ်က စက်ဘီးနင်းခြင်းမရပ်သမျှ လိမ့်ကျမှာမဟုတ်ဘူးဆိုတာ သေချာလှသည်။ "ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းသည် အောင်မြင်မှု၏သော့ချက်ဖြစ်သည်"ဟု အမေရိကန်မိတ်ကပ်ပညာရှင် နီကီတာ၏စကားအရ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိရပေမည်။ ဘဝအတွက် အသင့်ဖြစ်ရန် ဉာဏ်ပညာကိုလည်း အသုံးချရမည်။ လိမ္မာသည့်ဦးခေါင်းတစ်လုံးသည် သန်မာသည့် လက်ချောင်း ၁၀၀ ထက်သာသည်မို့ ထက်မြက်သည့် အတွေးအခေါ်များဖြင့် ဘဝမှာအသုံးချတတ်ရပေမည်။

တစ်ခါက စိတ်ပညာဆရာတစ်ဦးသည် လူငယ်များ၏ အသင့်ပြင်ဆင်မှုနှင့် ထက်မြက်မှုအရည်အချင်းကိုစမ်းသပ်လို၍ ကြိုးဖြင့်အထပ်ထပ်ချည်ထားသော အထုပ်တစ်ထုပ်ကို တစ်နေရာတွင်ထား၍ အထုပ်ထဲမှ ပစ္စည်းကို အမြန်ယူခဲ့စေသည်။ လူငယ်တော်တော်များများမှာ အထုပ်တွင်ချည်ထားသောကြိုးများကို အလွန်ခက်ခဲစွာဖြေကြရသည်။

> ❖ လောကုတ္တရာအတွက် ဒါန၊ သီလ၊ ဘာဝနာများဖြင့် မသေခင် ပြင်ဆင်ထားလျှင် သေခါနီးအတွက် အားကိုးစရာအသင့်ဖြစ်နေပေမည်။ လောကီနှင့်ပတ်သက်၍လည်း သင်ယူစရာကိစ္စအဝဝတို့ကို သင်ယူထားလျှင် လိုတရအတောင်ပံများဖြစ်၍ လိုသည့်အချိန်တွင် လိုသလိုခရီးဆန့်ပျံသန်းနိုင်မည်။ "လသာတုန်း ဗိုင်းငင်"၊ "နေပူတုန်း စပါးလှန်း"၊ "မိုးရွာတုန်းရေခံ"ဆိုသည့် မြန်မာစကားပုံများသည်လည်း အသင့်ဖြစ်စေရန်အတွက် လမ်းညွှန်ချက်များဖြစ်သည်။ ❖

အထုပ်ထဲမှပစ္စည်းကို သေသေချာချာယူပြီး ထုပ်ပိုးထားသောကြိုးများ၊ စက္ကူများကို ပြန်လည်သိမ်းဆည်း၍ ဆရာ့ထံအပ်နှံကြသောကြောင့် အချိန်ကြာသွားသည်။ သို့သော် လူငယ်များထဲမှ ထက်မြက်သော လူငယ်တစ်ဦးကတော့ အထုပ်တွင်ချည်ထားသောကြိုးကို ဆွဲဖြေမနေတော့ဘဲ လက်ထဲရှိဓားဖြင့် ဖြတ်ချလိုက်သည်။ ပစ္စည်းကို ထုပ်ပိုးထားသော အပိုစက္ကူများကို အမှိုက်တောင်းထဲပစ်ထည့်ပြီး ဆရာကြီးထံ အထုပ်လျှင်မြန်စွာအပ်လိုက်နိုင်သဖြင့် အထုပ်ဖြေမှုအတွက် တစ်မိနစ်ခွဲနှင့် ကိစ္စပြီးအောင် ဆောင်ရွက်နိုင်သည့် လူငယ်လေးကို ဆရာကြီးက ဂုဏ်ပြုလိုက်သည်။ ထိုလုပ်ဆောင်ချက်မှာ လူငယ်လေး၏ ထက်မြက်သော "ဉာဏ်"နှင့် အစီအစဉ်ကျနစွာ အသင့်ပြင်ထားသော လျှို့ဝှက်စွမ်းရည်သတ္တိများကြောင့်ဖြစ်သည်။ သို့အတွက် မည်သည့်နေရာ၌ မည်သည့်အလုပ် လုပ်သည်ဖြစ်စေ အစီအစဉ်ရေးဆွဲကြရပါမည်။ ယနေ့ အစီအစဉ်ကောင်းတစ်ခုသည် မနက်ဖြန်အတွက် ပြုလုပ်မည့်အကောင်းဆုံးအစီအစဉ်များထက်သာသည်။ သို့အတွက် ယနေ့စီစဉ်ထားသူသည် မနက်ဖြန်အတွက် "အသင့်" ဖြစ်မည်မှာ သေချာလှသည်။

ဆရာ မပြလျှင် ဘာမျှနည်းမကျသည့် ဤလောကတွင် အသင့်ဖြစ်ရန်အတွက် "သင်ယူမှု"လည်း လိုအပ်လှသည်။

"မုဆိုးစိုင်သင်"၊ "အတုမြင် အတတ်သင်"ဆိုသည့် စကားများမှာ အကြောင်းမဲ့ပေါ်ပေါက်လာခြင်းမဟုတ်ပေ။ သင့်အောင်မြင်မှုအတွက် တံခါးခေါက်သည့် လက်ချောင်းလေးများပင်ဖြစ်သည်။

သင်ယူမှုမရှိလျှင် အသိတရားလည်းမရှိပေ။ သို့ဖြစ်၍ အသိတရားရှိရန် သင်ယူရပါမည်။ သင်ယူခြင်းဆိုသည်မှာ ဆင်းရဲသားတို့အတွက် "ခနေ"၊ ချမ်းသာသူတို့အတွက် "ဂုဏ်သိက္ခာ" လူကြီးများအတွက် "အထောက်အကူ"ဖြစ်သည်ဟု နိုင်ငံရေးသမား စာရေးဆရာ ဂျိုးဇက်လာဇက်တာပြောသည့် စကားသည် ထိရောက်လှသည်။

တစ်ခါက အရူးတစ်ယောက် ဈေးဝယ်ထွက်လာသည်။ ဈေးထဲတွင် ဘာဝယ်ရမလဲ အထပ်ထပ်စဉ်းစားနေရာ သူတကယ်ဝယ်ယူမည့်လည်းလုပ်ရောဈေးက သိမ်းသွားနှင့်ပေပြီ။ ဤသာဓကကို ထောက်ရှုလျှင် ထိုအရူးသည် အစကတည်းက "ဘာဝယ်မည်" ဟု အသိမရှိခဲ့သည့်အတွက် ဝယ်ယူရန် "အသင့်"မဖြစ်ခဲ့ပေ။ "အသင့်"မဖြစ်သူအတွက် အရှုံးက လက်ကမ်းနေပေမည်။

အားလုံးအတွက်သာ ပြင်ဆင်ထားပြီးကြပါလျှင် မည်သည့်အကြောင်းအရာကိစ္စပင်ပေါ်လာသည်ဖြစ်စေ "အဆင်သင့်ပဲဟေ့"ဟု အော်ပြော၍ရမည်။ "အသင့်ပြင်ဆင်မှုများ ပြုလုပ်ပြီးလျှင် သင်လုပ်ဆောင်ရမည့်လုပ်ငန်းများအကြောင်းကို ဘာမျှထပ်မံစဉ်းစားရန်မလိုတော့ပါ"ဟု စိတ်ပညာဆရာ ဝီလျံဂျိန်းက သတိပေးထားသည်မှာ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

လူ့ဘဝဆိုသည်မှာ ရေစီးကြောင်းတွင် ရေသေလိုမရပ်ဘဲ ရေရှင်လိုလှုပ်ရှားစီးဆင်းနေမှ အသင့်ဖြစ်ရန်အတွက် အသိရရှိပေမည်။ ငါးတစ်ကောင်တွင် အဆီတစ်ထပ်ပါသလို လူတိုင်းလူတိုင်းတွင် အသိတစ်ခုတော့ ကိုယ်စီရှိကြစမြဲမို့ အသက်ရှင်နေသရွေ့ အသိကို သင်ယူရပေမည်။ "အခွင့်အရေးဆိုတာ နှစ်ခါမရဘူး"ဟူသော လောကဝေါဟာရစကားအတွက် နှစ်ခါမရနိုင်သည့် ဤအခွင့်အရေးကို တစ်ခါတည်းနှင့် အရယူနိုင်အောင်ကြိုးစားကြရမည်။

အချိန်သည် အရာရာကို ရှာဖွေတွေ့ရှိနိုင်သူဖြစ်သည်။ အချိန်ဖြုန်းတီးမှုများကို ဖြစ်မှုတစ်ခုကျူးလွန်သည်ဟုမှတ်ပြီး အချိန်မဖြုန်းမိအောင် ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း မနေ့ကအဖြစ်အပျက်များကို အတွေ့အကြုံယူရမည်။ မနက်ဖြန်အတွက် မျှော်လင့်ချက်ထားရမည်။ အနည်းငယ်မျှ နောက်ကျခြင်းသည် အလွန်နောက်ကျခြင်းဖြစ်၍ "စောစောလုပ်"ဆိုသည့် ဗိုလ်ချုပ်အောင်ဆန်း၏စကားကို အတုယူ၍ စောစီးစွာစလိုက်ခြင်းသည် "အသင့်"ဖြစ်ရန်အတွက် တံခါးတစ်ချပ်ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

လောကုတ္တရာအတွက် ဒါန၊ သီလ၊ ဘာဝနာများဖြင့် မသေခင်ပြင်ဆင်ထားလျှင် သေခါနီးအတွက် အားကိုးစရာအသင့်ဖြစ်နေပေမည်။ လောကီနှင့် ပတ်သက်၍လည်း သင်ယူစရာကိစ္စအဝဝတို့ကို သင်ယူထားလျှင် လိုတရအတောင်ပံများဖြစ်၍ လိုသည့်အချိန်တွင် လိုသလိုခရီးဆန့်ပျံသန်းနိုင်မည်။ "လသာတုန်း ဗိုင်းငင်"၊ "နေပူတုန်း စပါးလှန်း"၊ "မိုးရွာတုန်းရေခံ"ဆိုသည့် မြန်မာစကားပုံများသည်လည်း အသင့်ဖြစ်စေရန်အတွက် လမ်းညွှန်ချက်များဖြစ်သည်။ ဘဝ၏အခွင့်အလမ်းအတွက် အချိန်ကို အကျိုးရှိအောင်အသုံးချရင်း လောကအတွက်၊ မိမိအတွက် တက်လမ်းရှာမှ အောင်မြင်မှုသရဖူကို ဆောင်းနိုင်ပေလိမ့်မည်။

အသိပညာဆိုသည်မှာ မိမိကိုယ်ကို ပိုမိုပြည့်ဝစေသလို သူတစ်ပါးအတွက်လည်း အလင်းမျှဝေ၍ရပေသည်။ "အော်နေသူများလက်ထဲတွင် အောင်ပွဲမရှိဘဲ တိုက်ပွဲဝင်သူများ လက်ထဲတွင် အောင်ပွဲရှိသည်မို့ အောင်ပွဲရအောင် တိုက်ပွဲဝင်ကြရမည်။ ပညာမရှာ၊ ပညာမရှိလျှင် အသိရှိနိုင်မည်မဟုတ်ပါ။ ပညာဟူသမျှ လွတ်လပ်စွာသင်ယူနိုင်ကြပါသည်။ တစ်နေ့တွင် ၁၅ မိနစ်နှုန်းဖြင့် စာပေပညာရပ်တစ်ခုကို မှန်မှန်လေ့လာသွားမည်ဆိုလျှင် ထိုလူ၏အဆင့်အတန်းသည် လေးနှစ်ကျော်သည့်အခါ တက္ကသိုလ်ပညာအဆင့်အတန်းနှင့် ညီပါလိမ့်မည်"ဟု ဟားဗက်တက္ကသိုလ် ဥက္ကဋ္ဌဟောင်း ပါမောက္ခ အီလီယောက မိန့်ဆိုထားသဖြင့် ဤကဲ့သို့ ပညာရှာပါလျှင် အသိရှိမည်၊ အသိနှင့်အသင့်သည် ဆက်စပ်ဒွန်တွဲနေပါသည်။

"သင့်စိတ်က အဆင်သင့်ဖြစ်နေလျှင် အရာခပ်သိမ်းသည် သင့်အတွက် အဆင်သင့်ဖြစ်နေမည်"ဟု ရှိတ်စပီးယားက ပြောကြားသည့်စကားအတိုင်း အားလုံးအသင့်ဖြစ်အောင် ပြင်ဆင်ကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ကမ္ဘာ့ပညာရှင်များ၏ အဆိုအမိန့်များ-မောင်ဖေခော်**

## သာပေါင်းမြို့နယ် အောင်တပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သာပေါင်း ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အောင်တပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အောင်တပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အောင်တပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် ပေ ၄၅၈၀၊ အကျယ် ၁၂ ပေ၊ ကျောက်ရောမြေ အမြင့် နှစ်ပေ၊ ဂဝံကျောက်အမြင့် ကိုးလက်မ ခင်းခြင်းနှင့် ၎င်းကုန်ထုတ်လမ်းပေါ်တွင် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၁၃၅ ဒသမ ၉၃၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Nine Elephant Group ကုမ္ပဏီက အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက အောင်တပ်ကျေးရွာရှိ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့လာမည့်အပြင် ဒေသမှထွက်ရှိသော လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



**ကိုပြည့်**

# ကမ္ဘာပေါ်ရှိ အသားစားငါးများ

ခိုင်ဇင်

ကမ္ဘာပေါ်တွင် ရေနေသတ္တဝါများစွာရှိသည့်အနက် ငါးမျိုးစိတ်များသည် ရေ၌နေသားကျသောသတ္တဝါများဟုဆိုနိုင်သည်။ ထိုသို့ဆိုရခြင်းမှာ ကျောရိုးရှိကုန်းနေသတ္တဝါများမပေါ်မီ ရှေးနှစ်ပေါင်းများစွာကဖြစ်တည်ခဲ့သောငါးတို့၏ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် ရေသတ္တဝါသည် ကုန်းသတ္တဝါထက် ဦးစွာပေါ်လာခဲ့သည်။

ငါးများကို ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင်တွေ့ရှိနိုင်ပြီး မျိုးစိတ်ပေါင်းမြောက်မြားစွာရှိသည်။ ငါးများသည် သွေးအေးသတ္တဝါဖြစ်သည်။ ငါးအများစုသည် ၎င်းတို့ထက် အင်အားနည်းသောရေသတ္တဝါများကို ဖမ်းယူစားသောက်ခြင်းဖြင့် ရှင်သန်ကျက်စားနေထိုင်ကြသည်။ ငါးမျိုးစိတ်များ၏ ခန္ဓာကိုယ်သည် ရေသတ္တဝါများကို ဖမ်းယူနိုင်ရန်နှင့် အကောင်ကြီးငါးများ၏အမဲလိုက်ခြင်းမှ ရှောင်ကွင်းလွတ်မြောက်နိုင်ရန် လိုအပ်သည့်လျင်မြန်မှုအတွက် သဘာဝတရားကအချိုးအစားကျစွာ ဖန်တီးပေးထားသည်။ ငါးတွင် ရေချိုငါးနှင့် ရေငန်သို့မဟုတ် ပင်လယ်ငါးဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။ ငါးသည် လူ့ခန္ဓာကိုယ်အတွက်လိုအပ်သော ပရိုတင်း၊ အဆီနှင့် ဗီတာမင်တို့ပါရှိသည်။ ငါးအများစုမှာ အသားစားငါးမျိုးစိတ်ဖြစ်သော်လည်း အချို့ငါးများမှာ ရေတွင်ပေါက်သောရေမှော်ပင်များကို စားကြသည်။ ငါးမျိုးစိတ်ပေါင်း ၁၃၀၀၀ ကျော်ရှိသည်။ ထိုမျှများပြားသော ငါးမျိုးစိတ်တို့တွင် ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အလေ့အထအမျိုးမျိုးရှိကြသည်။ ထိုငါးမျိုးစိတ်များစွာထဲမှ ထင်ရှားလူသိများသော အသားစားသည့်ငါးမျိုးစိတ်တချို့ကို ဖော်ပြသွားပါမည်။

**လပ်ကီးငါး**



ငွေရောင်အာရိုဝါနားငါးကို အများအားဖြင့် လပ်ကီးငါးဟုသာ အခေါ်များပြီး အလွန်ဈေးကြီးသောငါးဖြစ်သည်။ အမေရိကန်ဒေါ်လာ သုံးသိန်းတန်သော အဆိုပါငါးများသည် ကမ္ဘာပေါ်တွင်ထူးခြားဆန်းပြားသော ငါးမျိုးစိတ်များထဲမှ တစ်မျိုးဖြစ်ပြီး အဓိကအားဖြင့် အာရှနှင့်တောင်အမေရိကတို့တွင် နေထိုင်ကျက်စားသည်။ ၎င်းတို့သည် အင်းဆက်၊ ဖား၊ ငှက်၊ မြွေနှင့်အခြားငါးအသေးများကို ရှာဖွေစားသောက်သည်။ ၎င်းတို့သည် အရွယ်အစားအားဖြင့် လေးပေထိ ရှည်လျားပြီး အလေးချိန်အားဖြင့် ၂၅ ပေါင်ထိရှိသည်။ ၎င်းတို့သည် ရွှံ့များ၊ မြစ်များနှင့် စိုစွတ်သောမြေများကို ကြိုက်နှစ်သက်သည့် ငါးများဖြစ်ပြီး ရှားပါးသဖြင့် အလွန်ဈေးကြီးသည်။

**ဝမ်းဗိုက်နီပီရန်ဟာငါး**



ဝမ်းဗိုက်နီပီရန်ဟာငါးများသည် ပတ်ဝန်းကျင်တွင်တွေ့လေ့ရှိသည့် ငါးမျိုးစိတ်များနှင့်အသွင်အပြင်ပိုင်းမတူချေ။ သို့သော်လည်း ပီရန်ဟာအနွယ်ဝင် အသားစားငါးဘီလူးပီရန်ဟာများလောက် အသွင်အပြင်အားဖြင့် ကြောက်စရာမကောင်းသော်လည်း ထူးခြားသည့်မေးရိုးဖွဲ့စည်းပုံနှင့် တြိဂံပုံချွန်ထက်သောသွားအတိုများကြောင့် ကြမ်းတမ်းသော ငါးမျိုးစိတ်အဖြစ် သတ်မှတ်ခြင်းခံရသည်။ ၎င်းတို့သည် အသားသာမက အပင်ကိုလည်းစားသည်။ ၎င်းတို့သည် အရွယ်အစားအားဖြင့် တစ်ပေကျော်ထိသာရှည်လျားပြီး အလေးချိန်အားဖြင့် လေးပေါင်ထိသာကြီးထွားနိုင်သဖြင့် အရွယ်အစားသိပ်မကြီးပေ။ ၎င်းငါးများကိုအမေဇုန်မြစ်ဝှမ်းနှင့် ထိုမြစ်ဝှမ်းအနီးတစ်ဝိုက်ရှိ ရေချိုဒေသများတွင်တွေ့နိုင်သည်။

**ဒစ်စ်ကပ်အလှမွေးငါး**



ဒစ်စ်ကပ်အလှမွေးငါးများသည် အလှမွေးရွှေငါးများကဲ့သို့ လူကြိုက်များသောငါးအမျိုးအစားထဲတွင်ပါဝင်သည်။ ထို့ပြင် ၎င်းတို့ကို "King Of The Aquarium" ဟုလည်း တင်စားခေါ်ဝေါ်လေ့ရှိသည်။ ၎င်းငါးများသည် အရွယ်အစားသေးငယ်ပြီး အပင်နှင့်အသားနှစ်မျိုးစလုံးကို စားသုံးကြသောငါးများဖြစ်သည်။ ၎င်းတို့သည် အုပ်စုလိုက်နေထိုင်တတ်ကြသည့်ရောင်စုံငါးများဖြစ်သည်။ ၎င်းတို့သည် ဘရာဇီးနိုင်ငံနှင့် ပီရူးနိုင်ငံရှိ မြစ်များနှင့် ကမ်းစပ်များတွင် နေထိုင်ကျက်စားသည်။ ၎င်းတို့၏လှပသော အရောင်အသွေးများကြောင့် အလွန်အကျွံဖမ်းဆီးခံရသော ငါးများဖြစ်သဖြင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ထိုငါးမျိုးစိတ်များကိုကာကွယ်ရန်နှင့် အကောင်ရေများတိုးပွားလာစေရန် ထိန်းသိမ်းရေးနှင့် မွေးမြူရေးများကိုအစီအစဉ်များဆွဲပြီး ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့သည် အခြားငါးများနှင့်မတူဘဲ ငြိမ်းချမ်းသောငါးမျိုးစိတ်များဖြစ်သော်လည်း မျိုးပွားရာသီတွင် ရန်လိုစိတ်ပြင်းထန်ကြသည်။

**ငါးမန်း**



အသားစားငါးများထဲတွင် ငါးမန်းများသည် လူသိများသော ငါးမျိုးစိတ်ဖြစ်သည်။ ငါးမန်းမျိုးစိတ်ပေါင်း ငါးရာနီးပါးရှိသော်လည်း ၎င်းတို့ထဲမှ မျိုးစိတ် ၁၂ မျိုးသာလျှင် လူသားများကို ရန်လိုတိုက်ခိုက်လိုစိတ်ရှိကြသည်။ ငါးမန်းများသည် အတ္တလန်တိတ်၊ အိန္ဒိယ၊ အာတိတ်နှင့် ပစိဖိတ်သမုဒ္ဒရာတို့တွင် နေထိုင်ကျက်စားသည်။ ကျွဲငါးမန်း(Bull Shark) နှင့် မြစ်ငါးမန်း(River Shark)တို့သည် ရေငန်နှင့် ရေချိုနှစ်မျိုးလုံးနေထိုင်နိုင်သော ငါးမန်းများဖြစ်သည်။ လူသိများသောငါးမန်းမျိုးစိတ်တချို့မှာ ငါးမန်းဖြူ၊ ကျွဲငါးမန်း၊ ကျွက်ကျားကတ်တာငါးမန်း၊ နာစ့်ငါးမန်း၊ တူခေါင်းပုံငါးမန်းနှင့် ကျားငါးမန်းတို့ဖြစ်သည်။ ငါးမန်းဖြူကြီးများ ကျက်စားရာနေရာများတွင် ငါးဖမ်းလေ့များ အတိုက်အခိုက်အခံရဆုံးဖြစ်ပြီး ထိုငါးမန်းများကြောင့် လူသားများအသေအပျောက်အများဆုံးဖြစ်သည်။ ထိုငါးမန်းများ တစ်ခါအစာစားလျှင် အသားပေါင် ၂၀ မှ ၃၀ ထိ စားနိုင်သည်။ တူခေါင်းပုံရှိသော ငါးမန်းများသည် လူသားများကို တိုက်ခိုက်ခဲ့သည်။

**လင်းပိုင်**

လင်းပိုင်အများစုသည် ငါးပြတိုက်များနှင့် နာမည်ကြီး Sea World ပန်းခြံများတွင် လူသားတို့ချစ်ခင်နှစ်သက်ခြင်းခံရသောငါးမျိုးစိတ်ဖြစ်သည်။ ၎င်းတို့သည် ငါးငယ်လေးများ၊ ပုစွန်ဆိတ်များနှင့်ပြည်ကြီးငါးများကိုစားကြသည်။ လင်းပိုင်များသည် တစ်နေ့လျှင် ၎င်းတို့၏ ခန္ဓာကိုယ်



အလေးချိန်၏လေးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းခန့်ရှိသည့် အစာကိုသာ စားသုံးကြသည်။ လင်းပိုင်များသည် ၎င်းတို့၏ အစာကိုမဝါးဘဲ မျိုချတတ်ကြသည်။ ထိုသို့လင်းပိုင်မျိုးစိတ်များစွာရှိသည့်အထဲမှ လူသားများကို ရန်လိုသောလင်းပိုင်မှာသွားကြမ်းများပါရှိသည်။

**အော်စကာငါး**



အော်စကာငါးများသည် အလှငါးမွေးကန်များတွင် ၎င်းတို့ချည်းသီးသန့်သာ မွေးမြူရသောငါးများဖြစ်သည်။ ၎င်းငါးမျိုးစိတ်များသည် ဩစတြေးလျ၊ အမေရိကန်၊ ဗင်နီဇွဲလား၊ ပီရူး၊ ဘရာဇီး၊ အီကွေဒေါ၊ ကိုလံဘီယာနှင့် ပြင်သစ်နိုင်ငံတို့ရှိ ပင်လယ်နှင့် မြစ်များတွင် နေထိုင်ကျက်စားကြသည်။ ၎င်းတို့သည် ငါးအသေးလေးများနှင့် ပုစွန်ကဲ့သို့အကောင်ငယ်များကို စားသုံးသည်။ ၎င်းတို့သည်အရွယ်အစားအားဖြင့် တစ်ပေမှ တစ်ပေ လေးလက်မထိ ကြီးထွားသည်။ ၎င်းတို့သည် ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ခံရလျှင် သက်တမ်း ၁၅ နှစ်ထိနေနိုင်သည်။ ၎င်းတို့သည် သူတို့နေထိုင်ရာရေပိုင်နက် ကျူးကျော်လာသူများကို ခုခံကာကွယ်တိုက်ခိုက်တတ်သည့်အတွက် ရန်လိုသောငါးဟုလည်း သတ်မှတ်ကြသည်။

**အော်ကာဝေလငါး**



အော်ကာဝေလငါးများသည် သွားရှိသောဝေလငါးမျိုးလည်း ဖြစ်သည့်အပြင် လင်းပိုင်များနှင့်လည်း အသွင်အပြင်ဆင်တူသည်။ ၎င်းတို့ကိုဝေလသတ်ငါး(Killer Whale) ဟုလည်းခေါ်သည်။ ၎င်းတို့သည် အလွန်အသားစားသောငါးများဖြစ်သည်။ ၎င်းတို့၏အစာမှာ ငါးအသေးလေးများ၊ ပင်လယ်ငှက်၊ ဖျံ၊ ဝေလငါးပေါက်စနှင့် ပြည်ကြီးငါးများဖြစ်ကြသည်။ ၎င်းတို့သည် အုပ်စုနှင့်နေထိုင်တတ်ကြပြီး တစ်ကောင်နှင့်တစ်ကောင်ဆက်သွယ်ရန် ပဲ့တင်သံဖြင့်တည်နေရာဖော်ပြခြင်း နည်းကိုအသုံးပြုကြသည်။ အော်ကာဝေလငါးအထီးများသည် အရှည်ပေ ၂၀ မှ ၂၆ ပေထိရှည်လျားပြီး အလေးချိန်မှာ ခြောက်တန်မှ ရှစ်တန်ကြားရှိသည်။ အော်ကာဝေလငါးအမများသည် ၁၆ ပေမှ ၂၃ ပေထိ ရှည်လျားပြီး အလေးချိန်မှာ သုံးတန်မှ လေးတန်ထိသာရှိသည်။ ၎င်းတို့သည် ပစိဖိတ်သမုဒ္ဒရာ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိုက်စလန်၊ နော်ဝေ၊ အာဂျင်တီးနားနှင့်အန္တာတိကကျွန်းဆွယ်တို့တွင် နေထိုင်ကျက်စားကြသည်။

**ကိုးကား**

– **Discover 7 Carnivorous Fish That Feast on Meat**

# မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားသို့တက်ရောက်ပေးပါရန်ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၏ ၂၀၂၄-၂၀၂၆ ခုနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်(အသစ်) ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်တမ်းတိုးပြီးသူများ) အားလုံး (လူကြီးမင်းကိုယ်တိုင်) တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၄.၁.၂၀၂၄ (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် (၉:၀၀)နာရီမှ နေ့လည် (၁၂:၀၀)နာရီအထိ

ကျင်းပမည့်နေရာ - ၇၈ လမ်း၊ ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ (၄)လွှာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

မှတ်ချက်။ ။ အသင်းဝင်ကတ်ပြားများယူဆောင်လာပြီး တက်ရောက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း


# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ၂၂၉၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က အာလူးစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ၂၂၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ဧက ၅၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အာလူးဧက ၅၇၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၂၉၁ ဧကစိုက်ပျိုးပြီးပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ အာလူးစိုက်ဧက အများအပြားမဟုတ်ပေမဲ့ အများစုကြိုက်နှစ်သက်တဲ့သီးနှံဖြစ်တော့ စိုက်ဧကအနေနဲ့ပုံမှန်ပါပဲ။ တအားကြီးတိုးခဲ့တာမရှိဘူး။ ရှမ်းပြည်နယ်ကနေဝင်လာတဲ့ အာလူးတွေလဲရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ခရိုင်အလိုက် အာလူးစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၄၈ ဧက၊ တမူးခရိုင်တွင် ဧက ၅၇၀၊ ကလေးခရိုင်တွင် ၁၂၆ ဧက၊ ခန္တီးခရိုင်တွင် ၁၂၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၄၉ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၉၄ ဧက၊ ရေဦးခရိုင်တွင် ဧက ၂၅၀၊ ကသာခရိုင်တွင် ၁၂၉ ဧက စုစုပေါင်း ၂၂၉၁ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးစိုက်ပျိုးရန် ခရိုင်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၅၁ ဧက၊ တမူးခရိုင်တွင် ဧက ၆၂၀၊ ကလေးခရိုင်တွင် ၁၄၅ ဧက၊ ခန္တီးခရိုင်တွင် ၁၂၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၂၅၃ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၉၅ ဧက၊ ရွှေဘိုခရိုင်တွင် ၁၉၈၅ ဧက၊ ရေဦးခရိုင်တွင် ၂၆၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ဧက ၄၉၀၊ ကသာခရိုင်တွင် ၇၁၂ ဧက၊ ကောလင်းခရိုင်တွင် ၁၅၉ ဧက စုစုပေါင်း ဧက ၅၇၀၀ တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးစိုက်တောင်သူများအနေဖြင့် အာလူးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ် ညောင်ငူကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းနေမှု စစ်ဆေး

**ရေကြည် ဒီဇင်ဘာ ၂၇**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ညောင်ငူကျေးရွာအုပ်စု ညောင်ငူကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများက အောင်ထိုက်စံကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ညောင်ငူကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါကျောက်ရောမြေလမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ငူကျေးရွာ၌ လမ်းအရှည် ၅ ဒသမ ၄၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေလမ်းခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည် ၂၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၇၅ သန်းဖြင့် အောင်ထိုက်စံကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက ညောင်ငူကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ ထွက်ကုန်၊ ထုတ်ကုန်များကို ဈေးကွက်သို့အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကျုံပျော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးထံမှ သိရသည်။

**တေဇာလင်း**

## ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
## INNWA BANK LIMITED

- စာရင်းရှင်အပ်ငွေစာရင်း
- ချေးငွေများထုတ်ချေးခြင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
- ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း




အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁





## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ မြို့မရပ်ကွက်နေ ဦးတင်မောင်ဝင်း (၉/မကန(နိုင်)၀၄၃၂၇၉) ၏သမီး မချစ်စုစုဝင်း (၉/မကန(နိုင်)၁၆၉၅၉၈) နှင့် မကေခိုင်ဝင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မချစ်စုစုဝင်း(ခ)မကေခိုင်ဝင်း(၉/မကန(နိုင်)၁၆၉၅၉၈)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

❖ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ် လူမှုစီးပွားဘဝသက်သာချောင်ချိ ရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထား သယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမ၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးရှိစွာ စနစ်တကျအသုံးချနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ (၅/၂၀၂၃)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအို၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့်ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ကျောက်ဆည်မြို့ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို KKO(ခွဲထွက်)အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီး**

စာမျက်နှာ - ၂၂

**နှစ်ဟောင်းကို ဆင်ခြင် နှစ်သစ်တွင် အမှန်မြင်နိုင်ကြပါစေ**

ဆောင်းပါး

စာမျက်နှာ - ၁၀


SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု

SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015

CERTIFICATE NO.TH011875

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀

E-Mail : scfg.kyaukse@gmail.com

